
ကစိတ်ကူးချိုချိုအနုပညာ




# နပိုလီယံကို ခြောက်တဲ့ တစ္ဆေ

ဘာသာပြန်ဝတ္ထုတိုများ

ညီစေမင်း

mgyoe.com

mgyoe.com




mgyoe.com

mgyoe.com

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
အပြင်အဆင် - အမ်အက်စ်ဒို
၂၀၁၄၊ မေလ၊ ပထမအကြိမ်၊ အုပ်ရေ ၅၀၀
ရောင်းဈေး ၂၀၀၀ ကျပ်

၈၉၁.၈၃

နပိုလီယံကိုခြောက်တဲ့တစ္ဆေဘာသာပြန်ဝတ္ထုတိုများ
ညီဝေမင်း- ရန်ကုန်၊
စိတ်ကူးချိုချိုစာပေ၊ ပထမအကြိမ်၊ ၂၀၁၄၊
စာမျက်နှာ ၁၈၆ မျက်နှာ၊ ၁၃ စင်တီ x ၂၀.၅ စင်တီ
(၁) နပိုလီယံကိုခြောက်တဲ့တစ္ဆေဘာသာပြန်ဝတ္ထုတိုများ

mgyoe.com

mgyoe.com

စိတ်ကူးချိုချိုစာအုပ်

# နပိုလီယံကို ခြောက်တဲ့တစ္ဆေ

## ဘာသာပြန်ဝတ္ထုတိုများ

## ညီစေမင်း

မြန်မာပြန်

ပထမအကြိမ်

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

# မာတိကာ


| | | |
|---|---|---|
| ၁။ | နပိုလီယံကို ခြောက်တဲ့တစ္ဆေ | ၁ |
| ၂။ | ဟန်တစ်လုံး ပန်တစ်လုံး | ၈ |
| ၃။ | မပျက်စဉ်လာ | ၂၀ |
| ၄။ | ပီတိဝှန်လှိုက် | ၂၈ |
| ၅။ | ဘမျိုးဘိုးတူ ချိုနဲ့လား | ၃၂ |
| ၆။ | အယ်ဒီတာနဲ့ အယ်ဒီချာ | ၃၆ |
| ၇။ | ပဥ္စလက် | ၄၄ |
| ၈။ | ဝါသနာဆိုတော့ အခက်သား | ၄၉ |
| ၉။ | အခိုးခံရောဂါပိုး | ၅၅ |
| ၁၀။ | ငှက်ပျောဖက် ပြာထုပ် ဇာတ်အရှုပ်ရှင်း | ၆၇ |
| ၁၁။ | အမှန်းအိမ် | ၇၅ |
| ၁၂။ | သေသောသူတစ်ယောက်အကြောင်း | ၈၃ |
| ၁၃။ | အထက်တန်းလွှာ | ၈၇ |
| ၁၄။ | ခရီးကြုံ | ၉၀ |
| ၁၅။ | ပဥ္စမမြောက် လောကီရတနာ | ၁၀၈ |
| ၁၆။ | ကံခေသူမို့သာ | ၁၁၃ |


mgyoe.com

mgyoe.com

၁၇။ ဂုဏ်တက်စေမည် ၁၂၇
၁၈။ သက်ရှိရာဇဝင် ၁၃၄
၁၉။ အလိမ်ဝိဇ္ဇာ အညာကဝေ ၁၃၉
၂၀။ လွှမ်းမောဖွယ် ဇာတ်လမ်းတစ်ပုဒ် ၁၆၃
၂၁။ ခေတ်သစ်ဟမ်းမလက် ၁၇၁
၂၂။ သဒ္ဒါအမှား ၁၈၂

■

mgyoe.com

mgyoe.com

# နပိုလီယံကို ခြောက်တဲ့တစ္ဆေ

ကျုပ်တို့မင်းချင်းတစ်စု စကားဝိုင်းဖွဲ့ကောင်းနေတုန်းမှာပဲ တော်ကြီး ဘုရားက စက်ရာဆောင်ခန်းကို ကြွမြန်းတော်မူသွားတယ်။ "လက်သုံးတော်ကြီးရေ ပြတင်းလေသာက ကန့်လန့်ကာများကိုလည်း ချထားလိုက်ပါကွယ်၊ မောင်မင်းတို့ထွက်သွားရင် လေသာတံခါးများလည်း ပိတ်ခဲ့ပါဦး"လို့ လက်သုံးတော်တစ်ဦးကို မိန့်ကြားတော်မူတယ်။ လက်သုံးတော်ကြီးက အမိန့်တော်အတိုင်း ဆောင်ရွက်ပြီးသွားရော တော်ကြီးဘုရားလည်း အလင်းတိုင်ကို ကောက်ယူပြီး စက်ရာဆောင်ခန်းက သလွန်တော်မှာ မှေးစက်တော်မူတယ်။

ခဏကြာတော့ စက်တော်မူတဲ့မှိအုံးက တောင့်လာသလိုလို၊ မာလာသလိုလို ခံစားမိပါရော။ ဒါနဲ့ တော်ကြီးဘုရားက စက်ရာကထလိုက်ပြီး မှိအုံးကို လှုပ်ခါကြည့်တယ်။ မှိအုံးထဲ ဘာတွေများဝင်နေပါလိမ့်မလဲပေါ့။ အဲဒီတုန်းမှာ သလွန်ခေါင်းရင်းက တဖျပ်ဖျပ် တရှပ်ရှပ်သံလိုကြားမိတာနဲ့ ခဏနားစွင့်ကြည့်တယ်။ ဘာမှထပ်မကြားရတော့ဘဲ ပကတိတိတ်ဆိတ်နေတာမို့ စက်ရာပေါ် ပြန်လှဲလိုက်ပြန်တယ်။

ပျော်တစ်ဝက် မှေးတစ်ဝက်၊ စက်တော်ခေါ်လို့ မပျော့်တပျော်အနေမှာ မဟားတရား ရေဆာလာပြန်ပါရော။ ဒါနဲ့ တံတောင်နဲ့ထောက်ထ၊ သလွန်တော်ဘေးက ကလပ်ခုံလေးပေါ်မှာ တင်ထားတဲ့ ဖျော်ရည်တစ်ခွက်

mgyoe.com

mgyoe.com

ကို တစ်ကျိုက်တည်းနဲ့ မော့သောက်လိုက်တယ်။ သောက်တော်ခွက်ကို ခုံပေါ်ပြန်အတင် အခန်းထောင့် တစ်နေရာ ဝတ်လဲတော်အခန်းထဲက ဆွဲဆွဲငင်ငင် ညည်းသံတစ်ခု ပေါ်လာတယ်။

"ဘယ်သူလဲ" တော်ကြီးဘုရားက လက်သုံးတော်သေနတ်ကိုဆွဲယူရင်း မေးလိုက်တယ်။ "ပြောရင်ပြော မပြောရင် မောင်မင်းရဲ့ခေါင်းကို ပစ်ခွဲလိုက်ရလိမ့်မယ်"လို့ ခပ်ထန်ထန်ပြောလိုက်တယ်။ အဲဒီလိုလည်း ခြိမ်းခြောက်လိုက်ရော အခန်းထောင့်မှောင်ရိပ်ထဲက 'ဟက်ခနဲ' ရယ်သံတစ်ချက်ပေါ်လာပြီး ပြန်တိတ်ဆိတ်သွားပြန်တယ်။ တော်ကြီးဘုရားလည်း သလွန်ပေါ်က ဖျပ်ခနဲထ၊ ထိုင်ခုံတစ်လုံးပေါ်မှာ လွှမ်းထားတဲ့ ဝတ်ရုံတော်ကို ဆွဲခြုံလိုက်ပြီး အသံကြားရာဆီကို ခပ်သုတ်သုတ်ကြွချီလာခဲ့တယ်။ အသံလာရာ ဝတ်လဲတော်ခန်းတံခါးကို ဝုန်းခနဲ ဆွဲဖွင့်လိုက်။ တဖျပ်ဖျပ် တရှပ်ရှပ်အသံက ထပ်မံပေါ်ထွက်လာပြန်တယ်။ တော်ကြီးဘုရားဟာ အနီးအပါးမှာချိတ်ဆွဲထားတဲ့ လက်သုံးတော်ဓားကိုပါ အားနေတဲ့လက်တစ်ဖက်နဲ့ ဆွဲယူပြီး ရှေ့ကိုတိုးဝင်လိုက်တယ်။ အခန်းငယ်ထဲမှာတော့ ဘာဆိုဘာမျှမရှိ။ တဖျပ်ဖျပ် တရှပ်ရှပ်အသံက ပြုတ်ကျနေတဲ့ ခန်းဆီးကို လေခတ်လို့ ထွက်ပေါ်လာတဲ့အသံ ဖြစ်ဟန်တူရဲ့။ ဒီတော့မှ ဒီလောက်ထိ အောင် သွေးကြောင်ရပါ့မလားလို့ ကိုယ့်ကိုယ်ကိုယ်ဆင်ခြင် ရှက်စိတ် ဝင်ပြီး စက်ရာဆောင်ခန်းကို ပြန်လည် ကြွမြန်းခဲ့ပြန်တယ်။

မျက်လုံးစုံမှိတ် အိပ်ပျော်တော့မယ့်ဆဲဆဲမှာပင် တင်ခုံပေါ်မှာထွန်းထားတဲ့ အလင်းတိုင်သုံးချောင်းဟာ ဝုတ်ခနဲ ငြိမ်းသွားပြီး တစ်ခန်းလုံး မှောင်အတိကျသွားတယ်လို့ ထင်လိုက်မိတယ်။ တကယ်တော့ အလင်းတိုင်များ ငြိမ်းသွားခြင်းမဟုတ်။ အရိပ်မည်း၊ အလင်းရောင်ကို ပိတ်ကွယ်လိုက်တာကိုး။ ဖောချွေးများပြန်စပြုလာတဲ့ တော်ကြီးဘုရားဟာ လူခေါ်ခေါင်းလောင်းကို ဆွဲလှုပ်ဖို့ လက်အလှမ်းလိုက်၊ မမြင်ရတဲ့အရာတစ်ခုက သူ့လက်ထဲက ခေါင်းလောင်းကြိုးကို ရိုင်းပျစော်ကားစွာ ဆွဲယူသွားတယ်။ တစ်ချိန်တည်းဆိုသလို မကောင်းဆိုးဝါး အရိပ်မည်းကြီးလည်း ပျောက်ကွယ်သွားပြီး တစ်ခန်းလုံး ပြန်လင်းလာပြန်တယ်။

"ဝှူး...တကယ်တော့ ငါ့အမြင်အာရုံရဲ့ လှည့်စားမှုတွေပါလား"လို့

mgyoe.com

mgyoe.com


တော်ကြီးဘုရားက သက်ပြင်းကိုမှုတ်ထုတ်ရင်း တစ်ကိုယ်တည်း ညည်းလိုက်မိတယ်။

"အမြင်အာရုံရဲ့ လှည့်စားမှု ဟုတ်စ" လျှို့ဝှက်ဆန်းကြယ်တဲ့ အသံနက်ကြီးက ဝမ်းခေါင်းသံကြီးနဲ့ ပြောသံကြားလိုက်ရတယ်။ "အမြင်အာရုံရဲ့ လှည့်စားမှုဆိုတာ သေချာရဲ့လား ဧကရာဇ်ဘုရင်မင်းမြတ်ကြီးရဲ့၊ ဒါတွေဟာ အစစ်အမှန်တွေ ရှေ့ဖြစ်မယ့်အရေးကိစ္စတွေရဲ့ နိမိတ်လက္ခဏာတွေပဲ၊ ရွှေတွင်း၊ ငွေတွင်း၊ ပယင်း၊ ဒုတ္ထာ၊ ရတနာခုနစ်ပါးအရှင်၊ လက်နက်စကြာသခင်၊ ဘဝသခင်၊ ရေမြေသနင်းပြည့်ရှင်မင်း နပိုလီယံ၊ ကျွန်ုပ်နောက်ကသာ လိုက်ခဲ့ပါ၊ သင် ဒီထက်မက မြင်ရစေမယ်"

စကားသံအဆုံး သူ့ရဲ့အာရုံထဲမှာ တစ်စုံတစ်ခု ထင်ထင်ရှားရှား ပီပီပြင်ပြင် ပေါ်ထွက်လာတယ်။ ရွှေနားကွပ် အပြာရောင်ဝတ်ရုံကို ဆင်မြန်းထားတဲ့ ပိန်ရှည်ရှည်လူတစ်ယောက်၊ အနက်ရောင်ဇာလီကွေးတစ်ခုကို ခပ်ကျပ်ကျပ်ဝတ်ဆင်ထားတယ်။ နားနောက်မှာလည်း နားကင်းနှစ်ဖက်က နားရွက်ချွန်ချွန်ကြီးနှစ်ခု ထောင်ထားသည့်အလား။ မျက်နှာထားက ခပ်တင်းတင်း၊ မျက်လုံးတွေကလည်း မျက်တွင်းဟောက်ပက်ထဲက ငေါငေါကြီးပြူးထွက်နေပြီး မီးတောက်မီးလျှံအလား ရဲရဲတောက်နေတယ်။

"ဘုရား...ဘုရား...ငါဘာတွေများ မြင်တွေ့နေရပါလိမ့်"တော်ကြီးဘုရားက အလန့်တကြား ရေရွတ်လိုက်မိတယ်။ "ဟဲ့...တစ္ဆေကောင် နင်ဘယ်ကလာတာလဲ"

တစ္ဆေက ဘာမှစကားပြန်မပြောဘဲ သူ့ရှေ့ကို ဇွေခနဲ ရောက်လာတယ်။ ပြီးတော့ သူ့နောက်ကလိုက်ခဲ့ဖို့ နပိုလီယံကို လက်ညှိုးကွေးချည်ဆန့်ချည်နဲ့ ခေါ်လိုက်တယ်။ တော်ကြီးဘုရားဟာ လျှို့ဝှက်ဆန်းကြယ်တဲ့ အင်အားတစ်ခုရဲ့ ညှို့ယူခြင်းခံရသူပမာ ကိုယ်တိုင်တွေးခေါ်ဆင်ခြင် ဆုံးဖြတ်နိုင်စွမ်းမရှိတော့ဘဲ အသာတကြည်နဲ့ပဲ မငြင်းမဆန်နာခံလိုက်ရတော့တယ်။ ခိုင်မာတောင့်တင်းလှတဲ့ အုတ်နံရံကြီးဟာ သူတို့ချဉ်းကပ်သွားတယ်ဆိုရင်ပဲ ဘေးကိုရှဲသွားပြီး အလိုက်သင့်ဖွင့်ပေးကြတယ်။ သူတို့လည်းဖြတ်ပြီးရော တဂျိမ်းဂျိမ်းတဂျုန်းဂျုန်း မြည်ဟိန်းကာ ပြန်ပိတ်သွားတော့တယ်။ တစ္ဆေဆီက ထွက်ပေါ်လာတဲ့ ခပ်မှိန်မှိန် အလင်းရောင်ကြောင့် ရှည်လျားစိုထိုင်းနေတဲ့

mgyoe.com

mgyoe.com

လိုဏ်ခေါင်းလမ်းကြီးကို ခပ်ဝါးဝါး ခပ်ပျပျ မြင်တွေ့နေရတာကလွဲရင် ပတ်ဝန်းကျင်မှာ ပကတိပိန်းပိတ်အောင် မှောင်မိုက်နေတယ်။ နှစ်ယောက်သား စကားတစ်ခွန်းမှမဟဘဲ ခရီးကိုသာ ခပ်သုတ်သုတ်နှင်နေကြတယ်။ လိုဏ်ဂူတစ်လျှောက် တဒိုဒို တိုက်ခိုက်နေတဲ့ အေးမြလန်းဆတ်တဲ့ လေအေးကြောင့် ချမ်းစိမ့်စိမ့်ဖြစ်လာတဲ့အတွက် တော်ကြီးဘုရားဟာ ညဥ့်ရုံတော်ကို ခပ်တင်းတင်းဆွဲပတ်လိုက်ရတယ်။ အပြင်ဘက်လဟာပြင်ထဲကို ရောက်လာပြီဆိုတဲ့သဘောပေါ့။

အပြင်ဘက်ကိုလည်းရောက်ရော ပါရီမြို့တော်ရဲ့ အဓိကရလမ်းမတစ်ခုထဲ ရောက်ရှိနေတာကို နပိုလီယံ တွေ့လိုက်ရတယ်။

"အို...ဝိညာဉ် စက်ရာဆောင်ပြန်ပြီး ဝတ်လဲတော်များ ဝတ်ဆင်ခွင့်ပေးပါ၊ ပြီးတော့ သင်နဲ့ ချက်ချင်းပြန်လိုက်ခဲ့ပါ့မယ်" အေးမြလှတဲ့ ညဥ့်လေပြည်ကြောင့် ခိုက်ခိုက်တုန်အောင်ချမ်းနေတဲ့ နပိုလီယံက တောင်းတောင်းပန်ပန် ပြောလိုက်တယ်။

"ရှေ့သို့သာ ဆက်ပါလေ" တစ္ဆေက ခပ်ပြတ်ပြတ်ခပ်ထန်ထန် ပြောလိုက်တယ်။ အလိပ်လိပ်ထလာတဲ့ ဒေါသလှိုင်းတံပိုးများကို အနိုင်နိုင်ချုပ်တည်းပြီး တစ္ဆေခိုင်းတဲ့အတိုင်းလုပ်ရုံကလွဲပြီး တခြား ဘာမှမတတ်နိုင်တော့။

စိန်းမြစ်ကမ်းပေါ်မှာ တည်ဆောက်ထားတဲ့ အိမ်ဂေဟာကြီး တစ်ခုဆီရောက်သည်အထိ လူသူကင်းမဲ့တဲ့လမ်းတွေကို ဖြတ်သန်းလာခဲ့ ကြတယ်။ အိမ်ဂေဟာကြီးရဲ့ ရှေ့တည့်တည့်ကိုလည်းရောက်ရော တစ္ဆေက ရုတ်တရက် ရပ်တန့်လိုက်တယ် ဝင်းတံခါးမကြီးက သူတို့အလာကို စောင့်ဆိုင်းနေသည့်အလား အဆင်သင့်ပွင့်သွားကြတယ်။ ကြီးမားလှတဲ့ ကျောက်ဖြူသားခန်းမကြီးထဲကို သူတို့နှစ်ယောက်သား ဝင်ခဲ့ကြတယ်။ ခန်းမကြီးတစ်ပိုင်းကို ကန့်လန့်ကာများနဲ့ ကွယ်ထားတယ်။ ဒီကန့်လန့်ကာနောက်က ကျောက်ဖြူသားနံရံက တန်ပြန်ဟပ်လာတဲ့ စူးစူးဝါးဝါးအလင်းရောင်ကြောင့် ကန့်လန့်ကာကြီးကို ထိုးဖောက်ပြီး ခပ်ဝါးဝါးမြင်နေရတယ်။ သားသားနားနား ဝတ်ဆင်ထားတဲ့ အမျိုးသမီးသဏ္ဍာန်များက ကန့်လန့်ကာကြီးရှေ့မှာ တန်းစီရပ်နေကြတယ်။ သူတို့ခေါင်းတွေပေါ်မှာတော့ လှပေ့ဆိုတဲ့ပန်းတွေ
mgyoe.com

mgyoe.com
ကို ခွေထိုးပန်ဆင်ထားကြတယ်။ သူတို့မျက်နှာများကိုတော့ သေမင်းရဲ့ အမှတ်အသားလက္ခဏာ မျက်နှာဖုံးတွေနဲ့ ဖုံးကာထားကြတယ်။

"ဒီမျက်နှာဖုံးစွပ်တွေက ဘာတွေလဲ၊ နာနာဘာဝ ဝိနာဘာဝတွေလား၊ ငါဘယ်ရောက်နေတာလဲ၊ ငါ့ကို ဘာလို့ ဒီနေရာကို ခေါ်လာရတာလဲ" တော်ကြီးဘုရားက အနိုင်နိုင် ချုပ်တည်းထားရတဲ့ စိတ်နှောင်ကြိုးကို ချိုးဖြတ်ဖို့ ကြိုးစားဖို့အနေနဲ့ ခပ်ငေါက်ငေါက်ပြောလိုက်တယ်။

"တိတ်စမ်း" သွေးစွန်းမည်းနက်နေတဲ့လျှာ ရှေ့ကိုငေါထွက်လာသည့်အထိ တစ္ဆေက အော်ငေါက်ပြောလိုက်တယ်။ "ခုချက်ချင်း ဇိဝိန်ချုပ်မသွားချင်ရင် တိတ်လိုက်စမ်း"

ပွဲဦးထွက်ကတည်းက စေသည့်ကျွန် ထွန်သည့်နွားပမာ အလျှော့ပေးအညံ့ခံခဲ့ရတဲ့ ကြောက်စိတ်ကိုကျော်လွှားနိုင်သည်အထိ ပင်ကိုသတ္တိ တွေပြည့်ဝလာပြီဖြစ်တဲ့ တော်ကြီးဘုရားက တစ်စုံတစ်ခုကို ပြန်ပြောတော့မယ် အလုပ်မှာ အဇ္ဈတ္တအတွင်းက ဆူညံညံ သို့မဟုတ် လေချင်းတိုးဝှေ့ရာက ပေါ်ပေါက်လာတဲ့ အသံလေလားမသိ အရိုင်းဆန်တဲ့ ပရလောကက ဂီတသံဟာ ကန့်လန့်ကာကြီးနောက်က ချောက်ချားအား ငယ်စရာ တငြိမ့်ငြိမ့်တသိမ့်သိမ့်ပေါ်ထွက်လာတယ်။ တစ်ချိန်တည်းမှာပဲ မွေးကြိုင်လှတဲ့ အရှေ့တိုင်းဖြစ် နံ့သာမျိုးစုံ အခိုးအထုံတို့နှင့် ပြုပြင်စီမံထားတဲ့ စိတ်နှလုံးကို တိမ်းမူးစေတဲ့ ရနံ့များက ထုံသင်းကြိုင်လှောက်လာတယ်။

ခပ်ဝေးဝေးဆီက တစ်စုံတစ်ရာကို တီးတိုးရေရွတ်ပြောဆိုနေသံ လိုလိုကြားလိုက်ပြီး တစ်စုံတစ်ယောက်က သူ့လက်မောင်းကို နောက် ကနေဖမ်းဆွဲကိုင်လို့ လှည့်ကြည့်လိုက်တော့ ဧကရီမိဖုရားကြီး လူဝီမေရီ "အလို! သင်လည်း ဒီအသူရကာယ်ဘုံကို ရောက်နေတာပဲလား၊ ဘယ်လို နည်းနဲ့ ဒီကိုရောက်နေရတာလဲ"လို့ တအံ့တဩ မေးလိုက်သည်။

"တော်ကြီးဘုရားကိုလည်း ဒီမေးခွန်းကိုပဲ မေးခွင့်ပြုတော်မူပါ" ဧကရီဒေဝီသခင်မက ချိုသာရွှန်းလဲ့တဲ့ အပြုံးနဲ့ပြောလိုက်တယ်။ သူတစ်ခွန်းမှ ပြန်မပြောနိုင်တော့။ အလွန့်အလွန် အံ့ဩမှုကသာ သူ့ကို လွှမ်းမိုးသွားတယ်။ သူနဲ့အလင်းရောင်ကြား ကာဆီးထားတဲ့ ကန့်လန့်ကာလည်းမရှိတော့။ သူ့ခေါင်းထက်မှာတော့ သားနားခံ့ညားလှတဲ့ မီးပဒေသာ ပန်းဆိုင်းက
mgyoe.com

mgyoe.com
ထိန်ထိန်ညီးတဲ့ အလင်းရောင်တွေ ဖြန့်ကြက်ပေးနေတယ်။ ကောင်းပေ့ညွန့် ပေ့ဆိုတဲ့ အဝတ်အထည်များ ဝတ်ဆင်ထားတဲ့ လှပေ့ ချောပေ့ဆိုတဲ့ အမျိုးသမီးများကလည်း သူ့ဘေးမှာဝန်းရံလို့။ သေမင်းမျက်နှာဖုံးများလည်း ဆင်မြန်းထားခြင်းမရှိ။ ရွှေနန်းတော်တွင်းမှာ ခစားကြတဲ့လူပျိုတော်သားများလည်း လှုပ်ရှားကခုန်နေကြတယ်။ ဂီတသံကလည်း တငြိမ့်ငြိမ့်၊ ခပ်လှမ်းလှမ်းမှာရှိတဲ့ ဝိုင်းတော်က တီးမှုတ်လိုက်တဲ့ ဂီတသံကလည်း လူသားစင်စစ်ဂီတပညာရှင်များက တီးမှုတ်လိုက်တဲ့ ဂီတသံမျှသာ။ အမွှေးနံ့ကတော့ သင်းပျံ့ကြိုင်လှောက်နေဆဲ။ ဒါပေမဲ့ တုန်လှုပ်ချောက်ချားဖွယ်ရာ အနံ့မျိုးတော့မဟုတ်။

"ဘုရား…ဘုရား၊ ဒါတွေ ဘယ်လိုဖြစ်ပျက်ပြောင်းလဲသွားပါလိမ့်၊ ပုထုစနော ဥမ္မတ္တကောဆိုတာ အမှန်ပေပဲလား" တော်ကြီးဘုရားက ညည်းတွားလိုက်မိတယ်။

"ဥမ္မတ္တကော…ဟုတ်ပါစ၊ တော်ကြီးဘုရားက ဘာကိုရည်ရွယ်ပြီး မိန့်တော်မူတာလဲ၊ တော်ကြီးဘုရားကြည့်ရတာ မထိတ်သာမလန့်သာရှိလိုက်တာ၊ စက်ရာဆောင်ခန်း ပြန်လည်ကြွမြန်းပြီး တမှေးလောက် အိပ်စက်အနားယူလိုက်ပါဦး" ကေရီဒေဝီသခင်မက တောင်းတောင်းပန်ပန်နဲ့ လျှောက်ထားလိုက်တယ်။

"စက်ရာဆောင်ခန်းကြွမြန်းဖို့ ဟုတ်စ…ငါကိုယ်တော်မြတ်က ဘယ်နေရာ ရောက်နေလို့လဲ"

"ကနေ့ညခင်းမှာ ပျော်ပွဲသဘင်ကျင်းပဖို့ ဖိတ်ကြားထားတဲ့ လူပျိုတော်သားများ၊ မောင်းမမိသံများရှိရာ ကျွန်တော်မျိုးမရဲ့ ဧည့်ခန်းဆောင်ကြီးထဲ ရောက်ရှိနေတာပါ၊ လွန်ခဲ့တဲ့ မိနစ်အနည်းငယ်လောက်ကပဲ တော်ကြီးဘုရားဟာ ပြုံးတိပြုံးကြောင်မျက်လုံးများနဲ့ ညဋ္ဌရုံတော်ကြီးဝဟ်ဆင်ပြီး ဒီအခန်းထဲဝင်ရောက်လာတာပါ၊ ကျွန်တော်မျိုးမအထင်တော့ တော်ကြီးဘုရားဟာ စက်ရာကမနိုးဘဲ အိပ်မက်မက် လမ်းလျှောက်လာတယ်လို့ ထင်မိတာပါပဲဘုရား"

အဲဒီအခိုက်မှာပဲ တော်ကြီးဘုရားဟာ တစ်ကိုယ်လုံး လေဖြတ်ခံလိုက်ရသလို တောင့်တင်းသွားပြီး ပုံလျက်သားလဲကျသွားပါတော့တယ်။
mgyoe.com

တော်ကြီးဘုရားခမျာ ဒီဝေဒနာကို တစ်ညဉ့်နဲ့ တစ်နေ့လုံး အလူးအလဲ ခံစားနေရပါတော့တယ်။

*Nineteenth Century Short Stories* မှ *Charlotte Bronte* ရဲ့ *Napoleon and The Spectre* ကို ဘာသာပြန်ဆိုထားပါတယ်။

၀

mgyoe.com

mgyoe.com

# ဟန်တစ်လုံး ပန်တစ်လုံး

ဇန်နဝါရီလ၏ တစ်ညနေခင်းတွင် သားသားနားနားဝတ်ဆင်ထားသော လူငယ်တစ်ယောက်သည် ဒေဝီလမ်းမှ မောလမ်းအထိလျှောက်လာပြီး ချာရင်းခရော့စ်ဘက်သို့ ကွေ့သွားသည်။ သူ့ဆံပင်က နူးညံ့ပျော့ပျောင်းပြီး ခေါင်းလိမ်းဆီရောင် တပြောင်ပြောင် တောက်ပနေသည်။ နားသယ်စပ်မှာ ထောက်ထူထူညှပ်ထားသည်။ သူ၏သေးမျှင်လှသော နှုတ်ခမ်းမွှေးကျင်စွယ်ရေးရေးသည် ခဲတံနှင့်ရေးထားသည့်အလား။ သူသည် နို့နှစ်ရောင် နှင်းဆီမပွင့်တစ်ပွင့်ကို ကြယ်သီးပေါက်မှာ ထိုးစိုက်ထားသည်။ အပေါ်ရုံကုတ်အင်္ကျီအညိုရောင်ကို ဝတ်ဆင်ထားသည်။ ဦးခေါင်းပေါ်မှာတော့ သက္ကလတ်ဦးထုပ်အစိမ်းကို ခပ်ငိုက်ငိုက်ဆောင်းထားသည်။ လည်ပင်းမှာတော့ ပိုးပဝါအဖြူတစ်ထည် စည်းထားသည်။ သူသည် လက်တစ်ဖက်ကို ကုတ်အင်္ကျီအိတ်ထဲထည့်၊ အခြားတစ်ဖက်က ပေါလစ်ရှိပြောင်အောင်တိုက်ထားသည့် လက်ကိုင်တုတ်ကို ဟန်ပါပါလွှဲရင်း လမ်းလျှောက်နေသည်။

ဆောင်းရာသီအလယ် စနေနေ့ ညနေခင်းဖြစ်သည်။ ရေခဲတမျှ အေးစက်လှသောလေက ထက်မြသည့် ဓားတစ်လက်အလား ထိုးဆွနေသည်။ လူငယ်ကတော့ အအေးဒဏ်ကို မှုဟန်မတူ။ သို့ကြောင့်ပင် အခြားသူများက နွေးလိုနွေးငြား ခပ်သုတ်သုတ် လမ်းလျှောက်နေကြသော်လည်း

mgyoe.com

m gyoe.com

သူကမူ အေးမြသည့် ရာသီဥတုအတွင်းမှာ လမ်းလျှောက်နေရသည်ကိုပင် သဘောတွေ့နေသည့်အလား အေးအေးလူလူ လမ်းလျှောက်နေသည်။

သူ့ပုံပန်းသဏ္ဍာန်က ဟာန်တစ်လုံး ပန်တစ်လုံး ဖြစ်နေသည့်အတွက် သူ့ကို ခပ်လှမ်းလှမ်းမှ မြင်လိုက်ရသည်ဆိုလျှင် မြင်းရထားများသည် မြင်းများကိုကြိမ်တို့ကာ သူ့ဆီသို့ အလုအယက်ပြေးလာကြသည်။ သူက လက်ကိုင်တုတ်ကို ဟန်ပါပါဝှေ့ယမ်းပြီး သူတို့ကို နှင်ထုတ်လိုက်သည်။ တက္ကစီတစ်စီးက သူ့အနီးသို့မောင်းနှင်လာပြီး ကားသမားက သူ့ကို လိုက်မလားဟု မေးသည့်ဟန်ဖြင့် တစ်ချက်လှမ်းကြည့်လိုက်သည်။ သူ့ကိုလည်း ခါထုတ်လိုက်သည်။ သို့သော် ဒီတစ်ခါတော့ "ဟင့်အင်း... ကျေးဇူးတင်ပါတယ်"ဟု အဓိပ္ပာယ်ရသော အင်္ဂလိပ်စကားနှင့် ယဉ်ကျေးစွာ တုံ့ပြန်လိုက်သည်။

မောလမ်း၏ စည်ကားလှုပ်ရှားဆုံးသောအပိုင်းကို ချဉ်းကပ်လာလေလေ သူ့စိတ်ဓာတ်က ပိုမိုတက်ကြွလာလေလေ။ 'တန်ဂို'အလိုက်တေးသွားတစ်ပိုဒ်ကို လေကလေးချွန်ရင်း ခပ်သွက်သွက်လမ်းလျှောက်လာသည်။ ထို့နောက် ခရစ်ကက်ကစားရာတွင် ဘောလုံးပေးရန် အပြေးသွားသည့်အလား ခြေလှမ်းအနည်းငယ်လောက် ပြေးထွက်သွားသည်။

လောရင့်ဥယျာဉ်လမ်းသို့ ဦးတည်သွားသည့် လမ်းကွေ့သို့ရောက်လျှင် မည်သည့်လမ်းသို့ လိုက်ရမည်ကို စဉ်းစားချိန်ဆနေဟန်နှင့် ခေတ္တရပ်နားနေသည်။ သို့သော် ယခုလို ခိုက်ခိုက်တုန်အောင် ချမ်းအေးလှသည့် ရာသီဥတုမျိုးတွင် ပန်းဥယျာဉ်များကလည်း သာသာယာယာမရှိ၊ ထုံထိုင်းမှုန်မှိုင်းနေသည်။ သွားလည်ဖို့မကောင်းလှ။ ထို့ကြောင့် ချာရင်းခရော့စ်လမ်းဆီသို့ ဦးတည်ထွက်ခွာလာခဲ့သည်။

ဘုရင်မရုပ်တုဆီသို့ ရောက်သောအခါ ခေတ္တရပ်ကာ အပေါ်ရုံ ကုတ်အင်္ကျီ၊ လက်ထဲမှာထည့်ထားသော လက်ကိုင်ပဝါကိုထုတ်ကာ မျက်နှာကို သုတ်လိုက်သည်။

ရုပ်တုအနီးက မြက်ခင်းပြင်ပေါ်မှာ အင်္ဂလိပ်လူမျိုးကလေးငယ် အချို့ဘောလုံးကစားနေကြသည်။ သူက ဘောလုံးပွဲကို ရပ်ကြည့်နေသည်။ အစပထမတော့ ကလေးများက သူ့ကိုသတိမထားမိကြ။ သို့သော် သူက စူးစူးရဲရဲဆက်ကြည့်နေသည့်အတွက် ကလေးများသည် ရှက်ကိုးရှက်ကန်းဖြစ်ကာ

mgyoe.com

mgyoe.com
ဘောလုံးကိုကောက်ယူပြီး ရယ်ရင်းမောရင်း အော်ဟစ်ရင်းနှင့် မြက်ခင်း၏ အစွန်းတစ်ဖက်သို့ ပြေးထွက်သွားကြသည်။ လမ်းနံဘေးတွင် လူမရှိသော အင်္ဂတေတန်းလျားတစ်ခုကို တွေ့သောအခါ လူငယ်သည် ဖုန်ခါပြီး ထိုင်ချလိုက်သည်။

ညနေစောင်းလာသည်နှင့်အမျှ အအေးဓာတ်ကလည်း လွန်ကဲလာသည်။ ဤအအေးဓာတ်က သပ္ပုရိသအပေါင်းကို သက်သောင့်သက်သာ ပျော်ရွှင်ဖွယ်ရာတစ်ခုခုရှာဖွေရန် သွေးဆောင်ဖျားယောင်းနေသည့်အလား။ သည်လိုအချိန် အခါသမယမျိုးမှာ နိုင်ငံခြားအပြုအမူကို အတုယူလိုသူ သကောင့်သားများသာမက အထီးကျန် အဖော်မဲ့ဘဝကို ရောင့်ရဲကျေနပ်နေသူများပင် မိမိခိုအောင်းရာ အသိုက်အမြုံကလေးများက ထွက်ခွာလာပြီး လမ်းပေါ်က ပျော်စရာ ရွှင်စရာများကို ပါဝင်ခံစားကြသည်။ ခန္ဓာကိုယ်ချင်းနီးကပ်မှုကြောင့် ဖြစ်ပေါ်လာသော အနွေးဓာတ်ကို အရသာခံကြသည်။

ဤသို့ဖြင့် ဈေးတန်းလေးဘက်သို့ လူအများ စုဝေးရောက်ရှိလာပြီး ကိုယ်သန်ရာ သန်ရာအလိုက် ဟိုတယ်များ၊ စားပွဲရုံများ၊ ကဖေးများ၊ စားသောက်ဆိုင်များတွင် အချိန်ဖြုန်းလေ့ရှိကြသည်။ အထဲသို့ဝင်ပြီး အရသာကို ပြည့်ပြည့်ဝဝခံစားရန် မတတ်နိုင်သူများအဖို့မှာတော့ မစားရအညော်ခံ၊ ရောင်စုံမီးများတောက်ပသော ကြော်ငြာများကို အပြင်ဘက်မှ မျက်စိစားပွဲထိုင်ရုံသာ၊ လမ်းမကြီးတစ်လျှောက် စုန်ချည်ဆန်ချည် ခေါက်တုံ့လူးလာ သွားလာနေကြသည်ကတော့ ဆုံမထင်သော မော်တော်ကားများ၊ ဘတ်စ်ကားများ၊ မြင်းလှည်းများ၊ စက်ဘီးများ လူသွားစင်္ကြံပေါ်မှာတော့ အားအားလျားလျား လမ်းလျှောက်နေသူများနှင့် စည်ကားလျက်။

အုတ်ခုံတန်းလျားပေါ်တွင် ထိုင်နေကြသော လူငယ်ကား သူ့ရှေ့က လူသွားစင်္ကြံပေါ်မှာ ခေါက်တုံ့လူးလာ သွားလာလှုပ်ရှားနေကြသူများကို စိတ်ဝင်တစား ငေးမောကြည့်နေသည်။ သူ အထူးအာရုံစူးစိုက်မိတာကတော့ သူတို့၏ ရုပ်ဆင်းသွင်ပြင်များမဟုတ်။ သူတို့၏ အဝတ်အစားများကိုသာ။ လူတွေက လူတန်းစားအမျိုးမျိုး၊ လူ့အလွှာအဖုံဖုံ၊ ကုန်သည်လည်းပါ၊ အရာရှိလည်းမရှား၊ အစိုးရဝန်ထမ်းများရော၊ ကျောင်းသားများလည်းပါ၊ ပန်းချီဆရာများ၊ ကမ္ဘာလှည့်ခရီးသည်များ၊ သတင်းထောက်များ၊
mgyoe.com

mgyoe.com


စာရေးများ သူတို့ထဲက အများစုကတော့ ဘေထုပ်ဆိုင်များမှာ များသော အားဖြင့် တွေ့ရတတ်သော သားမွေးကော်လာတပ် အပေါ်ရုံ ကုတ်အင်္ကျီများ မှသည် ခပ်ကြမ်းကြမ်း စစ်ကာကီ ယူနီဖောင်းများထိ အထူးထူးအထွေထွေ သော အဝတ်အစားများကို ဝတ်ဆင်ထားကြသည်။

လူငယ်ကိုယ်တိုင် ဝတ်ဆင်ထားသော ကုတ်အင်္ကျီကြီးကား ဟောင်း နွမ်းလှပေပြီ။ သို့သော်လည်း အချုပ်အလုပ်က ပထမတန်း၊ အထည်စက အကောင်းစား၊ ကော်လာများက တောင့်တင်းပြီး အင်္ကျီလက် များကလည်း ချပ်ချပ်ရပ်ရပ်။ ကြယ်သီးများကလည်း ကြီးမားတောက်ပြောင်လှသည်။ ဒီကုတ်အင်္ကျီ ဝတ်ဆင်ထားရသည်ကို လူငယ်က သဘောတွေ့နေဟန် ရှိ သည်။

လည်ဆွဲဗန်း(ဗျပ်)ကလေးနှင့် ကွမ်းယာ၊ စီးကရက်ရောင်းသော ဈေးသည်ကလေးက သူ့ရှေ့ကဖြတ်သွားသည်။

"ဟေ့...ကွမ်းယာသည်ကလေး"

"ခင်ဗျာ"

"မင်းမှာ ငွေတစ်ဆယ်ဖိုးလောက် အနုတ်ရှိလားကွ"

"ကျွန်တော့်ဆီမှာတော့ မရှိဘူး၊ ကျွန်တော် သွားလဲပေးပါ့မယ်"

"မင်း ပြန်မလာရင် ဘယ့်နှယ့်လုပ်မလဲ"

"ဒါကတော့ဗျာ ကျွန်တော့်ကို မယုံကြည်ရင်လည်း နောင်ကြီးကိုယ် တိုင် လိုက်ခဲ့ပေါ့၊ နောင်ကြီးက ဘာဝယ်ချင်လို့လဲ"

"နေပါစေတော့ကွာ၊ ဟော...ဒီမှာ တစ်ကျပ်တော့တွေ့ပြီ၊ ကဲကွာ ငါ့ကို စီးကရက်တစ်လိပ်ပေးပြီး မင်းသွားတော့"

ပြီးတော့ သူက စီးကရက်ကို တစ်ဖွာချင်းရှိုက်ကာ အရသာခံနေ သည်။ ခပ်ပိန်ပိန် ကြောင်ဖြူတစ်ကောင်က ချမ်းရှာဟန်နှင့် သူ့ခြေထောက် များကို ကိုယ်လုံးနှင့်ပွတ်ကာ တညောင်ညောင် အော်မြည်နေသည်။ သူက ပွတ်သပ်ပေးလိုက်သည့်အခါ ကြောင်က တန်းလျားပေါ်ခုန်တက်လာသည်။ သူ့သားမွေးများကို ပွတ်သပ်ပေးရင်းက 'သနားစရာလေး'ဟု မြည်တမ်း လိုက်သည်။ မိနစ်အနည်းငယ်ကြာတော့ ထိုင်ရာမှထပြီး ထွက်ခွာသွား ပြန်သည်။

mgyoe.com

mgyoe.com


ဈေးတန်းလေးကို ဖြတ်သန်းသွားသည့်အခါ ရုပ်ရှင်ရုံတစ်ခုရှေ့မှ မီးရောင်များက သူ့ကို ဆွဲဆောင်လိုက်သည်။ ဇာတ်ကားက ပြတောင်နေပြီ။ ရုံရှေ့မှာက လူအနည်းငယ်သာ။ နောက်ရုံတင်မည့်ဇာတ်ကားများက ဓာတ်ပုံများကို ငေးမောကြည့်နေကြသည်။ ကြည့်နေသူများထဲတွင် ဓာတ်ပုံအချို့ကို ကြည့်ပြီး ခိုးခိုးခစ်ခစ် ရယ်နေကြသော အင်္ဂလိုအင်ဒီးယားကပြားမလေး သုံးယောက်လည်း ပါဝင်သည်။ လူငယ်က သူတို့သုံးယောက်နား ကပ်သွားသည်။ သို့သော် ကျင့်ဝတ်သိက္ခာကို စောင့်ထိန်းသောအားဖြင့် သူတို့နောက် တစ်လှမ်းအကွာမှ ရပ်နေသည်။

မိန်းကလေးတစ်ယောက်က နောက်လှည့်ကြည့်ပြီး သူ့အဖော်များကို တံတောင်နှင့်တွက်ကာ မျက်စပစ်ပြလိုက်သည်။ ပြီးတော့ ကောက်ကာ ငင်ကာ တဟားဟားရယ်လိုက်သည်။ ကျန်နှစ်ယောက်ကတော့ ရယ်ချင်စိတ်ကို မနည်းမျိုသိပ်ထားရသည့်အလား သူတို့အဖော်ကို တွန်းကာတိုးကာ ရုပ်ရှင်ရုံရှေ့မှ ထွက်ခွာသွားလေတော့သည်။

လူငယ်ကတော့ သူတို့သုံးယောက် ထွက်ခွာသွားသည်ကို သိပ်အရေးလုပ်သည့်ဟန်မတူ၊ ခဏကြာအောင် ဟိုဟိုသည်သည် ရစ်သီ ရစ်သီ လုပ်ပြီးနောက် ထွက်ခွာသွားတော့သည်။

အခု ခုနစ်နာရီခွဲရှိနေပြီး သူက ဈေးတန်းလေးအတိုင်း ဆက်လမ်းလျှောက်လာသည်။ စားပွဲရုံတစ်ခုဆီမှ တီးဝိုင်းသံတညံညံ ကြားရသည်။ အပြင်ဘက်တွင် လူအတော်များများ စုဝေးနေကြသည်။ အများစုကတော့ ဖြတ်သွားဖြတ်လာများ၊ ခရီးသည်စောင့်ဆိုင်းနေကြသော အငှားကားမောင်းသမားများ၊ မြင်းလှည်းသမားများ၊ လက်တိုလက်တောင်းအလုပ်သမားများနှင့် သူတောင်းစားများသာ။ သစ်သီးများရောင်းချပြီးစီးသွားသော အထမ်းဈေးသည်များလည်း ဗလာကျင်းနေပြီဖြစ်သော တောင်းများနှင့်အတူ မတ်တပ်ရပ်နေကြသည်။ အပြင်ဘက်မှ နားထောင်နေကြသူများက အတွင်းက လူများထက် ဂီတအရသာကို ပိုမိုခံစားမိနေကြသကဲ့သို့ပင်။ အကြောင်းမူကား နိုင်ငံခြားတေးသွားပင်ဖြစ်သော်လည်း တိတ်ဆိတ်ငြိမ်သက်စွာ နားထောင်နေကြခြင်းကြောင့်ပင်တည်း။

လူငယ်ယည်း ခေတ္တခဏလောက် မတ်တပ်ရပ်နားထောင်ပြီး နောက်

mgyoe.com

mgyoe.com


ထွက်ခွာသွားသည်။

မိနစ်အနည်းငယ်ကြာတော့ သူသည် အနောက်တိုင်း တူရိယာဆိုင်ကြီးတစ်ဆိုင် အပြင်ဘက်ရောက်မှန်းမသိ ရောက်သွားသည်။ နည်းနည်းလေးမျှ စိတ်သံသယ ဒွိဟဖြစ်မနေတော့ဘဲ ဆိုင်အတွင်းသို့ဝင်သွားသည်။ နံရံနှင့်ကပ်လျက် စင်များပေါ်မှာ တူရိယာပစ္စည်းအမျိုးမျိုးကို အစီစီအရီရီ ပြသထားသည်။

စားပွဲရှည်ကြီးတစ်လုံးပေါ်မှာတော့ နောက်ဆုံးပေါ် ဓာတ်ပြားများကို လှပတင့်တယ် ရှုချင်စဖွယ်ဖြစ်အောင် ပြသထားသည်။ ဓာတ်ပြားအဖုံးဒီဇိုင်းများက ခပ်ကြမ်းကြမ်းသာဖြစ်သော်လည်း မြူးကြွသွက်လက်နေသည်။ လူငယ်က ဓာတ်ပြားကို တစ်ချက်လှမ်းကြည့်လိုက်ပြီး နံရံပေါ်မှာ ချိတ်ဆွဲထားသော စပိန်ဂီတာတစ်လက်ဆီသို့ ဦးတည်လျှောက်သွားသည်။ သူက တကယ့် ကျွမ်းကျင်နားလည်သူတစ်ယောက်အလား ဂီတာကို အကျအန သုံးသပ်စစ်ဆေးပြီး ဂီတာမှာ ချိတ်ဆွဲထားသော ဈေးနှုန်းကို ကြည့်လိုက်သည်။ နောက်တော့ ကြီးမားလှသော ဂျာမန်စန္ဒရားကြီးဘက် အာရုံရောက်သွားပြန်သည်။ ခလုတ်ခုံအဖုံးကိုဖွင့်ကာ တေးသွားတစ်ပိုဒ် နှစ်ပိုဒ်လောက် တီးခတ်ကြည့်ပြီး ပြန်ပိတ်ထားလိုက်သည်။

အရောင်းစျေးသည်တစ်ဦးက သူ့အနီးသို့ ချဉ်းကပ်လာသည်။

"မင်္ဂလာညနေခင်းပါခင်ဗျာ၊ ကျွန်တော် ဘာများဆောင်ရွက်ပေးရပါမလဲ" အရောင်းစျေးသည်က ရိုသေကိုင်းရှိုင်းစွာ ပြောလိုက်သည်။

"မလိုပါဘူးခင်ဗျာ၊ ကျေးဇူးတင်ပါတယ်"ဟု လူငယ်က ခပ်ပေါ့ပေါ့ ပြောလိုက်သည်။ နောက်တော့မှ တစ်စုံတစ်ခုကို ရုတ်တရက်သတိရလိုက်သည့်အလား–

"သြော်...ဟုတ်သားပဲ၊ ဒီလထွက်တဲ့ ဓာတ်ပြားသစ်စာရင်း ရနိုင်မလားခင်ဗျာ"

သူက ဓာတ်ပြားစာရင်းစာရွက်ကို အပေါ်ရုံ ကုတ်အင်္ကျီအိတ်တစ်အိတ်ထဲခေါက်ထည့်လိုက်ပြီး ဈေးတန်းဘက်သို့ ပြန်လည်ထွက်ခွာလာခဲ့သည်။

နောက်တော့ စာအုပ်ဆိုင်တစ်ဆိုင်ရှေ့မှာ ရပ်လိုက်သည်။ သူက

mgyoe.com

mgyoe.com

မဂ္ဂဇင်းတစ်အုပ် နှစ်အုပ်ကိုကောက်ယူ၊ မာတိကာကို ခပ်သွက်သွက်လှန်ကြည့်ပြီး နေရာတကျပြန်ထားလိုက်သည်။ ကိုက်အနည်းငယ်လောက်လမ်းလျှောက်ပြီးတော့ ဆိုင်အပြင်ဘက်မှာ တွဲလောင်းချိတ်ဆွဲထားသောပါရှင်ကော်ဇောကြီးတစ်ချပ်ဘက် အာရုံရောက်သွားပြန်သည်။ ဝတ်ရုံရှည်ကြီးဝတ်၊ ပေါင်းထုပ်ကြီးပေါင်းထားသော ဆိုင်ရှင်က တရင်းတနှီး ခရီးဦးကြိုပြုလိုက်သည်။

"ကော်ဇောတွေကို ကြည့်ရုံသက်သက်ပါခင်ဗျာ"ဟု သူက ဆိုင်ရှင်ကိုပြောလိုက်သည်။

"ကြည့်ပါခင်ဗျာ၊ ကြည့်ပါ"

"အို...အို...အောက်ချမပြပါနဲ့ခင်ဗျာ၊ ဒီအတိုင်းကြည့်ရတာကပိုကောင်းပါတယ်၊ ဒါနဲ့ ဒီကော်ဇောက ဘယ်လောက်လဲ"

"တစ်ထောင့်လေးရာ သုံးဆယ့်နှစ်ကျပ်ပါဆရာ"

လူငယ်က မျက်မှောင်တစ်ချက်ကုပ်ပြီး ဈေးဆစ်လိုဟန်နှင့် "အို...ဈေးကြီးလှချည့်လား"ဟု ပြောလိုက်သည်။

"စိတ်ကြိုက်ရွေးပါခင်ဗျာ၊ ကျွန်တော်တို့က အလျှော့နိုင်ဆုံးဈေးနဲ့ပေးထားတာပါ"ဟု ဆိုင်ရှင်က ကျိုးနွံစွာပြောသည်။

"ကျေးဇူးတင်ပါတယ်ခင်ဗျာ" လူငယ်က ဆိုင်ရှင်ကို ရေလိုက်ငါးလိုက် ပြန်ပြောလိုက်ပြီး "ကော်ဇောကတော့ ကောင်းပါ့ဗျာ၊ နောက်မှတစ်ခေါက် ပြန်လာပါဦးမယ်"ဟုဆိုကာ ပြန်ထွက်ခွာသွားတော့သည်။

အကျီရင်ဖုံးပေါ်မှာ ထိုးစိုက်ထားသော နီ့နှစ်ရောင်မပွင့်တပွင့်နှင်းဆီက ပြုတ်ကျလုဆဲဆဲ ဖြစ်သွားသည်။ လူငယ်က မပွင့်တပွင့်ပြုံးရင်းနှင်းဆီကို ပြန်တည့်လိုက်သည်။

အခုတော့ သူသည် တရားရုံးချုပ်အနီးက လူသွားစင်္ကြံပေါ်မှာ လမ်းလျှောက်နေသည်။ သူသည် အချိန်အတော်ကြာအောင် လမ်းလျှောက်ခဲ့ပြီဖြစ်သော်လည်း ပင်ပန်းဟန်မတူ၊ နွမ်းနယ်ဟန်မရှိ၊ လန်းဆန်းဆဲ၊ သွက်လက်ဆဲ၊ ဖျတ်လတ်ဆဲ။

ဈေးတန်း၏ ဤဘက်ပိုင်းမှာတော့ လမ်းသွားလမ်းလာများ အတော်ပါးလျားသွားသည်။ တစ်ခုနှင့်တစ်ခုကြား အများကြီးကွာဟနေသည်။
mgyoe.com

mgyoe.com


လူငယ်က လမ်းလျှောက်ရင်း လက်ကိုင်တုတ်ကို လက်ညှိုးလေးနှင့် လှည့်ဖို့ကြိုးစားရာမှ တုတ်ကလွတ်ကျသွားသည်။ "အိုး...ဆောရီး"ဟု မြည်တမ်းကာ ခါကိုင်းကာ တုတ်ကိုကောက်ယူလိုက်သည်။

ထိုအခိုက်တွင် သူ့နောက်က လမ်းလျှောက်လာသော လူငယ်စုံတွဲက သူ့ကိုကျော်တက်သွားသည်။ အမျိုးသားမှာ အရပ်မြင့်မြင့် ဇစ်တပ်သားရေဂျာကင်နှင့် ဘောင်းဘီအနက်ကို ဝတ်ဆင်ထားသည်။ အမျိုးသမီးက ပုပုတောင့်တောင့်၊ ဖဲဘောင်းဘီအဖြူပွပွနှင့် ကုတ်အင်္ကျီအစိမ်းကို ဝတ်ဆင်ထားသည်။ သူမ၏ ရှည်လျားသောကျစ်ဆံမြီးက လမ်းလျှောက်သည့်အခါတိုင်း သူမ၏တင်ပါးမှာ ခုန်ပေါက်လိုက်ပါလာသည်။

လူငယ်က ဤရှုခင်းကိုကြည့်ရသည်မှာ အတော်အရသာတွေ့ဟန်တူသည်။ ထိုစုံတွဲနောက်မှ ထက်ကြပ်မကွာ ကပ်လိုက်လာသည်။ သူတို့က ခေတ္တခဏနောက် နှုတ်ဆိတ်သွားကြသည်။ ထို့နောက် အမျိုးသားက တစ်စုံတစ်ခုပြောလိုက်သည့်အခါ အမျိုးသမီးက "ဟင့်အင်း... မလုပ်နိုင်ဘူး" တူးတူးခါးခါး ပြန်ပြောလိုက်သည်။

"ခင့်ကို ပြောပြီးသားပဲ၊ ဆရာဝန်က မောင့်သူငယ်ချင်းပါ၊ ဘယ်သူမှ သိမှာမှမဟုတ်"

"ဟင့်အင်း...မလုပ်ဘူးဆို မလုပ်ဘူး"

"သိပ်လည်းမနာပါဘူး၊ ခဏလေးနဲ့ ပြီးသွားမှာပါ"

မိန်းကလေးက စကားပြန်မပြော။

"ခင်မိဘတွေ အကြီးအကျယ် စိတ်မကောင်းဖြစ်ကြမယ်ဆိုတာ ခင်လည်းအသိပဲ၊ ပြီးတော့ သူတို့ရဲ့ဂုဏ်သိက္ခာကိုလည်း ထည့်စဉ်းစားဦး"

"ရှင်တော်ရင်တော်နော်၊ မတော်ရင် ကျွန်မပွဲကြမ်းပစ်လိုက်မယ်"

ခုထိတော့ တစ်ညနေလုံး စူးစမ်းလေ့လာခဲ့သည့်လူများထဲမှ လူငယ့်အတွက် စိတ်ဝင်စားစရာဆိုလို့ သည်စုံတွဲမှာပဲ အနည်းငယ်တွေ့ရသည်။ သူကိုယ်တိုင်ကလည်း သိပ်အာရုံစူးစိုက်မှုပြုထား၍ ဖြစ်ကောင်းဖြစ်မည်၊ သူ့အတွက်တော့ ဤစုံတွဲသည် အချစ်ဝတ္ထုတစ်ပုဒ်၏ စာမျက်နှာများပေါ်မှ ပေါ်ထွက်လာသော ဇာတ်လမ်းတစ်ကွက်အလား။

သူတို့၏မျက်နှာကို ပိုသဲသဲကွဲကွဲ မြင်ရနိုး၊ သူတို့အသံကို ပိုပီပီသသ

mgyoe.com

mgyoe.com

ကြားရနိုးနှင့် ထိုစုံတွဲနောက်မှ ကပ်လိုက်သွားသည်။ အခုတော့ သူတို့က ဗဟိုစာတိုက်ကြီးနားက လမ်းဆုံကိုရောက်နေကြသည်။ စုံတွဲက ခဏရပ်တဲ့ကာ ဈေးတန်းကိုဖြတ်ပြီး မဟ္ကလွိုက်လမ်းဘက်သို့ ဦးတည်သွားတော့သည်။ သူတို့နောက်က တစ်ပါတည်းလိုက်သွားလျှင် သူတို့ကို နောက်ယောင်ခံလိုက်နေမှန်း ရိပ်စားမိသွားမည်။ သို့အတွက်ကြောင့် ခဏလောက်စောင့်ကြည့်နေလျှင်ကောင်းမည်ဟု လူငယ်က စဉ်းစားမိသည်။

စုံတွဲက သူရှေ့ကိုက်တစ်ရာကျော်လောက်ရောက်သွားမှ နောက်က ခပ်သွက်သွက် လိုက်သွားသည်။ လမ်းဖြတ်အကူး တစ်ဝက်လောက်အရောက်တွင် အုတ်သယ်ထရပ်ကားကြီးတစ်စီးက သူ့နောက်က ဝုန်းခနဲပေါ်လာပြီး မဟ္ကလွိုက်လမ်းကို ဦးတည်ပြီး ခြေကုန်သုတ်နေသည့် သူ့ကို ဝုန်းခနဲ တိုက်ချသွားသည်။ ထရပ်ကားဒရိုင်ဘာလည်း စူးစူးဝါးဝါး အော်သံတစ်ခု ကြားလိုက်ရသဖြင့် သူ့ကားကို အရှိန်သတ်လိုက်သည်။ သည်တော့မှ ဆိုးဆိုးဝါးဝါးတစ်ခုတော့ ဖြစ်လိုက်ပြီဆိုတာ ရိပ်စားမိ သဖြင့် ညအမှောင်ကို အကာအကွယ်ယူကာ တရကြမ်းမောင်းထွက်ပြေးသွားတော့သည်။ ကားတိုက်မှုကိုမြင်လိုက်ရသော လမ်းသွားလမ်းလာ တချို့က "ကားကိုတားထားလိုက်ပါဗျို့၊ ကားနံပါတ်ကို မှတ်ထားလိုက်ကြပါ"ဟု အော်ပြောကြသော်လည်း ထရပ်ကားကို အရိပ်အယောင်မှ မတွေ့ရတော့။

ခဏကြာတော့ လူအတော်များများ စုဝေးမိလာသည်။ ယာဉ်ထိန်းရဲတစ်ဦးက မော်တော်ဆိုင်ကယ်ပေါ်က ဆင်းကြည့်သည်။ လူငယ်ခမျာ ပြင်းပြင်းထန်ထန် ဒဏ်ရာရသွားပြီ။ ထွက်လိုက်တဲ့သွေးတွေကလည်း မြင်မကောင်းရှုမကောင်း။ ကားတစ်စီးကိုတားပြီး သူ့ကိုတင်ကာ အနီးဆုံးဆေးရုံသို့မောင်းပို့စေသည်။ ဆေးရုံရောက်တော့ အသက်ငွေ့ငွေ့သာ။

အရေးပေါ်လူနာခန်းတွင် ညတာဝန်ကျသူများက လက်ထောက်ခွဲစိတ်ကုဆရာဝန် ဒေါက်တာခန်းနှင့် ရှိနာနင့်ဂျီးလ်အမည်ရှိ သူနာပြုဆရာမနှစ်ယောက်၊ သူ့ကို ထမ်းစင်ပေါ်တင်ပြီး ခွဲစိတ်ခန်းကိုသယ်သွားတော့သည်။ အညိုရောင်အပေါ်ရုံကုတ်အင်္ကျီနှင့် ပိုးလည်စီးကိုဝတ်ဆင်ထားဆဲ။ သူ့အဝတ်အစားများအားလုံးတွင် သွေးများစွန်းထင်နေသည်ကလည်း ရစရာမရှိ။ တစ်စုံတစ်ယောက်က စေတနာနှင့် သူ့သက္ကလတ်

mgyoe.com

ဦးထုပ်စိမ်းကို မပျောက်မရှစေရန် သူ့ရင်ဘတ်ပေါ်တင်ပေးလိုက်သည်။

"ချမ်းချမ်းသာသာထဲကနဲ့ တူတယ်"ဟု သူနာပြုဆရာမဂျိနာက ပြောလိုက်တော့ သူနာပြုဆရာမဂျီးလ်က လေသံတိုးတိုးနှင့် "စနေနေ့ညမို့ ဟာန်ရေးပန်ရေးပြဖို့ သားသားနားနား ဝတ်လာတာနေမှာပါ"ဟု ပြောလိုက်သည်။

"ဒရိုင်ဘာကော မြင်မိလိုက်သလား"

"ဘယ်မိမလဲ၊ ထွက်ပြေးသွားတာကိုး"

"သနားစရာနော်"

ခွဲစိတ်ခန်းထဲမှာတော့ လက်ထောက်ခွဲစိတ်ကုဆရာဝန်ရော၊ သူနာပြုများပါ နှာခေါင်းအုပ်များ ဝတ်ဆင်ထားသဖြင့် သူတို့မျက်လုံးများကိုသာ မြင်ရသည်။ လူငယ်သည် ကျောက်ဖြူသားစားပွဲပေါ်မှာ လဲလျောင်းနေသည်။ သူ့ဆံပင်များက နူးညံ့ပျော့ပျောင်းစွာ သူ့နားသယ်စပ်မှာ ဝဲကျနေဆဲ။ ညနေစောစောပိုင်းက သူလိမ်းလာခဲ့သော ခေါင်းလိမ်းဆီရနံ့ကလည်း ခပ်ပျော့ပျော့ သင်းပျံ့နေဆဲ။

အခုအချိန်မှာတော့ သူ၏အဝတ်အစား အားလုံးကို ချွတ်ပစ်လိုက်ပေပြီ။ ပထမဆုံးချွတ်လိုက်တာကတော့ လည်စည်းပဝါဖြူ။ သူနာပြုဆရာမနှစ်ယောက်က တစ်ယောက်နှင့်တစ်ယောက် မျက်စပစ်ပြလိုက်ကြသည်။ သူတို့မှာ မျက်နှာဖုံးစွပ်ထားလေတော့ အခြားဆက်သွယ်စရာလည်း နည်းလမ်းမရှိ။

လည်စည်း၏အောက်ခြေမှာတော့ နက္ကတိုင်လည်းမပါ။ ကော်လာလည်းမရှိ။ ယုတ်စွအဆုံး ရှပ်အင်္ကျီပင်မပါ။ အပေါ်ရုံကုတ်အင်္ကျီကြီးကို ချွတ်လိုက်သည့်အချိန်မှာတော့ လူငယ်သည် အတွင်းမှာ အပေါက်တစ်ရာဗရချာနှင့် ဟောင်းနွမ်းနေသော ချည်ဆွယ်တာ အင်္ကျီတစ်ထည်သာဝတ်ဆင်ထားသည်ကို တွေ့လိုက်ကြရ၏။ ဤအပေါက်တစ်ရာအောက်မှာ ဆွယ်တာထက်ပင် အခြေအနေဆိုးလှသော ညစ်ပတ်ပေရေနေသည့် စွပ်ကျယ်အင်္ကျီကို တွေ့ရ၏။ လူငယ်သည် သူ၏လည်ပင်းနှင့်ရင်ဘတ်ကို ဖုံးကွယ်ဖို့သာ ပိုးပဝါလည်စည်းကို ဆင်မြန်းထားခြင်းဖြစ်သည်။ သူ့တစ်ကိုယ်လုံးမှာလည်း ကြေး(ချေး)အထပ်ထပ်။ ရေမချိုးသည်မှာ အနည်းဆုံး

mgyoe.com

နှစ်လလောက်တော့ ရှိဟန်တူသည်။ လည်ပင်းအထက်ပိုင်းကိုသာ ကောင်းစွာ သန့်စင်ဆေးကြောထားပြီး ပေါင်ဒါများ လိမ်းကျံထားသည်။

ဆွယ်တာနှင့် စွပ်ကျယ်အင်္ကျီကိုချွတ်ပြီးနောက် နောက်ထပ်ချွတ် ရန် အလှည့်ကျလာသည်ကတော့ ဘောင်းဘီရှည်၊ သည်တစ်ခါမှာလည်း သူနာပြုဆရာမနှစ်ယောက် အကြည့်ချင်းဆုံမိကြပြန်သည်။ ဘောင်းဘီကို တစ်ချိန်က နက္ကတိုင်တစ်ခုဖြစ်ခဲ့ပုံရသော အဝတ်စတစ်ခုနှင့် ခါးကို တင်းကျပ်စွာ ချည်နှောင်ထားသည်။ ကြယ်သီးမပါ။ ခါးပတ်ခေါင်းမရှိ။ ဘောင်းဘီက ဒူးနားမှာစုတ်ပြဲနေသည်။ သို့သော် အပေါ်ကုတ်အင်္ကျီကြီး ဖုံးလွှမ်းထားသဖြင့် မသိသာလှ။

အခုအချိန်မှာတော့ ရှူးဖိနပ်နှင့်ခြေအိတ်များကို ချွတ်လိုက်ကြပြီ။ ဖိနပ်များက ဟောင်းနွမ်းနေသော်လည်း ပြောင်လက်အောင် တိုက်ချွတ်ထားသည်။ ခြေအိတ်များကတော့ တစ်ဖက်နှင့်တစ်ဖက် အရောင်အသွေးချင်းကလည်းမတူ။ ပုံစံချင်းကလည်းတခြား။ ဖနောင့်နေရာမှာ ပေါက်ပြဲနေပြီး အပေါက်များကြားမှ ကြေးအထပ်ထပ်ညစ်ပတ်ပေရေနေသော အသားရောင်ကို မြင်တွေ့နေရသည်။ အခုတော့ သူသေဆုံးနေပေပြီ။ သူ၏ အသက်ဝိညာဉ်ကင်းမဲ့နေသော ခန္ဓာကိုယ်သာ ကျောက်ဖြူစားပွဲပေါ်မှာ လဲလျောင်းနေပေသည်။

အဝတ်အစားတွေ မချွတ်ခင်ကတော့ သူ့မျက်နှာက အမိုးမျက်နှာကြက်ဘက်သို့ လှည့်လျက်သား။ အဝတ်အစားတွေ အားလုံးချွတ်ပြီးသည့် အခါမှာတော့ နံရံဘက်ကိုမျက်နှာမူလျက်။ စိတ်ရောခန္ဓာကိုယ်ပါ ဟာလာဟင်းလင်း အဝတ်အထည်ကင်းမဲ့နေသည့်အတွက် သူ့အပေါင်းအသင်းရောင်းရင်းများကို မျက်နှာချင်းဆိုင်ရမှာ စိုးရွံ့သည့်အလား။

အောက်မှာဖော်ပြထားသည်တို့ကတော့ သူ့အပေါ်ရုံကုတ်အင်္ကျီအိတ်အသီးသီးတို့မှ တွေ့ရှိရသည့် ပစ္စည်းအနည်းငယ်။ ၎င်းတို့ကား အနက်ရောင် ဘီးတစ်ချောင်း၊ လက်ကိုင်ပဝါတစ်ထည်၊ ပြားစေ့ခြောက်ပြားနှင့် ပိုင်စေ့တစ်ပြား နှစ်ပြား။ မီးငြိမ်းထားသည့် သောက်လက်စစီးကရက်တိုတစ်ခု။ လူပုဂ္ဂိုလ်အချို့၏ အမည်နှင့်လိပ်စာများကို ရေးသားထားသည့် ဒိုင်ယာရီသေးသေးတစ်အုပ်။ ဓာတ်ပြားစာရင်း စာရွက်တစ်ရွက်။ လမ်းပေါ်

mgyoe.com

mgyoe.com


မှာ ဝေငှထားသော လက်ကမ်းကြော်ငြာအချို့။

ဩော်...ဒါနဲ့ ကားတိုက်ခံရစဉ်အခါက လွင့်စင်ကျကျန်ရစ်ဟန်တူသော လက်ကိုင်တုတ်ကလေးကတော့ ပစ္စည်းစာရင်းမှာမပါ။

*Stories From Asia စာအုပ်မှ Ghulam Abbas ရေးသားသည့် Overcoat (အင်္ဂလိပ်ဘာသာ)ကို ဘာသာပြန်ဆိုထားပါသည်။*

၀

mgyoe.com

mgyoe.com

# မပျက်စဉ်လာ

မင်းသမီးကြီး၏ ပြတင်းသုံးပေါက်ပါ အိမ်ငယ်လေးမှာ ပွဲလမ်းသဘင်များဆင်ယင်ကျင်းပတော့မယောင်။ ယခင်ကထက် နုပျိုနေဘိသကဲ့သို့။ တစ်ဝင်းလုံးလည်း လှည်းကျင်းထားလိုက်တာ ပြောင်သလင်းခါလို့။ တံခါးမကြီးများကိုလည်း ဖွင့်ထား။ ပြတင်းပေါက်များမှာလည်း ပိုးမျှင်တစ်မျှင်မျှမရှိ။ လောလောလတ်လတ် တိုက်ချွတ်ဆေးကြောထားသည့် ပြတင်းပေါက်မှန်များကလည်း နွေဦးနေရောင်ခြည်နှင့် ရှက်စနိုးဗွာ ချစ်ကြိုးသွယ်နေကြသည်။ ရှေ့တံခါးဝမှာတော့ သက်ရွယ်ရင့်ညောင်း ဇရာထောင်းနေသည့် ကျွန်ယုံတော် လက်ပောင်းကြီးမာကာသည် ခြကိုက်ပိုးထိုး အိမ်တော်စိုးဝတ်စုံကို ဆင်မြန်းကာ မားမားမတ်မတ်ရပ်လျက်။ နေရောင်ခြည်ကလည်း မာကာ၏ တုန်ယင်သောလက်များဖြင့် တစ်မနက်လုံး ပြောင်စင်အောင်ရိုတ်သင်ထားသည့် မေးစေ့ပေါ်သို့လည်းကောင်း၊ လတ်လတ်ဆတ်ဆတ် ပွတ်တိုက်ထားသည့် ဖိနပ်ရှည်ကြီးပေါ်သို့ လည်းကောင်း၊ အိမ်တော်တံဆိပ် ခတ်နှိပ်ထားသည့် ကြယ်သီးများပေါ်သို့လည်းကောင်း ရောင်ပြန်ထင်ဟပ်တဖျပ်ဖျပ်။ မာကာသည် အကြောင်းထူးမရှိဘဲ သူ့အောင်းရာ တွင်းခေါင်းမှထွက်သူမဟုတ်။

ယနေ့ကား ထိပ်တင်မဘုရား၏ မွေးနေ့ မွေးနေ့ပွဲလာရောက်သည့်

mgyoe.com

mgyoe.com


ဧည့်သည်များအတွက် တံခါးဖွင့်ပေးရမည်။ သူတို့၏အမည်နှင့် ရာထူးဂုဏ်သိန်များကို ကြေညာပေးရမည်။ သည်ကနေ့တော့ ရှေ့ဧည့်ခန်းဆောင်လေးမှာ ကော်ဖီကြိတ်နံ့မသင်း၊ စွတ်ပြုတ်နံ့မကြိုင်၊ ဟင်းနံ့မလှိုင်ဘဲ ကြက်ဥဆပ်ပြာရနံ့ကို ပြန်လည်ရစေသည့် ရေမွှေးနံ့သာများသာ ကြိုင်ထုံလျက်။ အခန်းများကိုလည်း ဖုန်တစ်မှုန်မျှ မရှိရအောင် လှည်းကျင်းသုတ်သင်ထားပြီး သန့်ရှင်းတောက်ပြောင်သော ကန့်လန့်များဆင်ယင်လျက်။ ပန်းချီကားများပေါ် ဖုံးအုပ်ထားသော ပိတ်ဇာပါးများလည်း ဖယ်ရှားထားပြီး မွမွကြေလုမတတ် ဟောင်းနွမ်းနေပြီဖြစ်သော ကြမ်းခင်းများကိုလည်း ဖယောင်းတိုက်ထားသည်။ ခပ်ဆိုးဆိုးခွေးကြီး ဖွလ်ကာ၊ ကြောင်သားအမိတစ်အုပ်နှင့် ကြက်မများကိုလည်း မီးဖိုခန်းထဲမှာ ညနေခင်းထိ ပိတ်ထားပြီးပြီ။

ပြတင်းပေါက်သုံးခုပါအိမ်၏ အရှင်သခင်မဖြစ်သူ အရိုးပြိုင်းပြိုင်းခါးကိုင်းကိုင်းနှင့် ပါးရေတွန့်လိပ် ဇရာရိပ်ယှက်သန်းနေပြီဖြစ်သော ထိပ်တင်မဘုရား မင်းသမီးကြီးကိုယ်တိုင်ကလည်း ကြီးမားလှသည့် လက်တင်ကုလားထိုင်ကြီးမှာထိုင်ကာ မကြာ မကြာ သူမ၏ အဖြူရောင်ဇာပန်းဝတ်စုံမှ အတွန့်အလိပ်များကို လက်ဖြင့် ဆန့်ချိဖြန့်ချိ လုပ်နေလေ့ရှိတတ်သည်။ ဤကမ္ဘာကြီးပေါ်မှာ နှပျိုသည့် တစ်ခုတည်းသောအရာဟူ၍ သူမ၏ ရှုံ့တွတွရင်နှစ်မွှာပေါ်မှာ ပင်အပ်နှင့်တွယ်ထားသော နှင်းဆီပန်းတစ်ပွင့်သာ။ သူမ၏ မွေးနေ့ပွဲသဘင်မှာ လာရောက်၍ ဂါရဝပြုမိသူများအား မင်းသမီးကြီးကစောင့်စားလျက်ရှိသည်။ သည်ဧည့်သည်များထဲမှာ မြို့စားကြီးထရမ့်နှင့်သူ၏သား၊ မင်းသားကြီးခါလာခဇေ၊ အနောက်နန်းမဆောင်ဝန်မင်း၊ သူမ၏မောင်ဝမ်းကွဲတော်သူ စစ်သူကြီးဘစ်ကော့နှင့် အခြားအခြားသောသူများစုစုပေါင်း နှစ်ကျိပ်ကျော်ကျော်ရှိမည်။ တစ်စုတစ်ဝေးကြီး ရောက်လာကြပြီးသူမ၏ ဧည့်ခန်းကျဉ်းကျဉ်းလေးမှာ စကားလက်ဆုံပြောမကုန်ကြ။ မင်းသားကြီးခါလာခဇေက သီချင်းဆိုမည်။ နှစ်နာရီလောက်ကြာတော့စစ်သူကြီးဘစ်ကော့က သူ၏ရင်အစုံထက်မှ နှင်းဆီပွင့်လေးကို ယုယမြတ်နိုးစွာ တောင်းဆိုမည်။

သည်လို မင်းပရိသတ် ဗိုလ်ပုံအလယ်မှာ ဘယ်လိုပြုမူဆောင်ရွက်ရမယ်ဆိုတာ ထိပ်ထား ကောင်းစွာသိရှိထားပြီးသား။ သူမ လှုပ်ရှားမှု

mgyoe.com

mgyoe.com


အားလုံးရဲ့နောက်ကွယ်မှာတော့ နန်းဆန်ခြင်း၊ ကျက်သရေအစုံပျို့ ပဒုံတို့ တန္တိစံမမီသည့် နန်းဆန်ခြင်း၊ တော်ဝင်နန်းထိုက်ခြင်း၊ ရွှေလင်ပန်းနှင့် အချင်းဆေး မင်းမွေးသူပီသခြင်းတို့က အထင်းသား အရှင်းသား။ ချိန်တော်မီ ခါတော်မီ ရောက်လာတတ်သည့်သူများထဲတွင် ကုန်သည်ကြီး ခတူကင်နဲ့ ပီရူကောဲ့တို့လည်း အပါအဝင်။ သည်လို ရွှေတိုက်စာရင်းဝင် မဟုတ်သူများ အတွက်တော့ ဂုဏ်ပြုစကားရေးသားပြီး ထွက်ခွာသွားရန်အတွက် ဧည့်ခန်း ထဲမှာ စက္ကူအသင့် ကလောင်အသင့်။ ဒူးနေရာဒူး တော်နေရာတော်ဆိုတာ သူတို့ သိရစေမည်။

ဆယ့်နှစ်နာရီထိုးပြီ။ ထိပ်ထားက ဝတ်လဲတော်နှင့် နှင်းဆီပန်းတို့ကို စန့်စန့်ရန့်ရန့်ဖြစ်အောင် လုပ်လိုက်သည်။ နားစိုက်ထောင်လိုက်သည်။ တစ်ယောက်ယောက်များ တံခါးခေါင်းလောင်း တီးနေလေရော့သလား။ ရထားလုံးတစ်စီး တဂျုန်းဂျုန်းနှင့်မောင်းနှင်ပြီး ရပ်တန့်သွားသည်။ ငါးမိနစ် လွန်သွားပြီ။

"တို့ဆီလာတာ မဟုတ်ဘူးဟဲ့" ထိပ်ထား စဉ်းစားမိသည်။

မဟုတ်ဘူး။ သင့်ဆီလာတာ မဟုတ်ဘူး မင်းသမီးရေ။

မနှစ်ကလည်း ဒီလို၊ သည်နှစ်လည်း ဒီလိုပါပဲ။ အဖြစ်ဆိုးလိုက် လေ။ နှစ်နာရီထိုးတော့ မနှစ်ကလိုပဲ မင်းသမီးကြီး စက်ရာခန်းသို့ဝင် မည်။ ရှူဆေးရှူပြီး ချုန်းချုန်းချငိုမည်။

"ဘယ်သူဆို ဘယ်သူမှမလာကြဘူး"

သူမဘေးမှာ မာကာတစ်ယောက် ခြေမကိုင်မိ လက်မကိုင်မိ ဂနာ မငြိမ် ဖြစ်နေသည်။ သူကလည်း စိတ်ဆင်းရဲသည့်နေရာမှာ သူမထက် တော့မလျော့။ အင်း…လူတွေကလည်း တော်တော့်ကို တရားပျက်ကြပါ တယ်လေ။ တစ်ချိန်တုန်းကဆိုရင် ဧည့်ခန်းထဲကို အလုအယက် တိုးဝှေ့ ဝင်လာကြတာ။ အခုတော့–

"ဘယ်သူမှ မလာကြဘူးဟဲ့" မင်းသမီးကြီးက ငိုရှိုက်ရင်း ပြော သည်။ "ဘယ်မြို့စား၊ ဘယ်မင်းသား၊ ဘယ်ခါလာခါဖေ၊ ဘယ်ဂျော့ဘူဖစ် ကီမှ မလာကြဘူး၊ သူတို့က ထိပ်ထားကို ပစ်ပစ်ခါခါ လုပ်သွားကြပြီ၊ ထိပ်ထားကျေးဇူးကြောင့်သာမဟုတ်ရင် သင်းတို့ ဒီအဆင့်အတန်း တက်

mgyoe.com

mgyoe.com


လှမ်းနိုင်ဖို့ဆိုတာ ဝေးလာဝေး၊ ထိပ်ထားကျေးဇူးကြောင့်သာ ဒီစည်းစိမ်ဥစ္စာတွေ၊ ဒီရာထူးတွေ ရကြရတာပါ၊ ထိပ်ထားကြောင့်သာမဟုတ်ရင် သင်းတို့လား ဝေးစွခြောက်ပါး၊ ဘာမှဖြစ်လာမှာမဟုတ်ဘူး"

"ဟုတ်တယ်၊ ဘာမှဖြစ်လာမှာမဟုတ်ဘူး" မာကာက သံယောင်လိုက်လိုက်သည်။

"ထိပ်ထားက ထိပ်ထားကျေးဇူးကို ပြန်ဆပ်ရမယ်လို့ မဆိုလိုပါ ဘူး၊ ထိပ်ထားအတွက် လိုလည်းမလိုအပ်ပါဘူး၊ ထိပ်ထားလိုအပ်တာက အကြင်နာတရား၊ ဘုရား...ဘုရား ရင်နာလိုက်လေကွယ်၊ ရင်နာလိုက်လေ၊ ထိပ်ထားတူတော်မောင် အရင်းခေါက်ခေါက်ကြီး ယန်းတောင် ပေါ်မလာဘူး၊ သူစိမ်းလူကို မဆိုထားနှင့်၊ သင်းက ဘာကြောင့်မလာရတဲ့တုံး၊ ထိပ်ထားက သင်းကို ဘယ်တုန်းကများ အန္တရာယ်ပြုဖူးလို့ပဲ၊ ထိပ်ထားမှာဖြင့် ဒင်းယူထားတဲ့အကြွေးတွေ စိုက်ဆပ်လိုက်ရတာ၊ သူ့နှမတော် တန်ညာကိုလည်း လူတော်လူကောင်းလေတစ်ယောက်နဲ့ အိမ်ထောင်ရက်သားချထားပေးလိုက်ရသေး၊ ဒင်းတို့အတွက် ကုန်လိုက်ရတဲ့ငွေတွေ သောက်သောက်လဲ၊ အဲဒီ ယန်းဆိုတဲ့အကောင်အတွက် ငါ့မောင်တော်နှင့် ခမည်းတော်ကိုပေးထားတဲ့ ကုတိကြောင့်ပေါ့၊ ဒင်းအတွက် ဘယ်လောက် ကုန်ခဲ့ရတယ်ဆိုတာ မောင်မင်းကိုယ်တိုင်အသိပါ"

"ထိပ်ထားလေးက သူ့ခမည်းတော်နဲ့ မယ်တော်အပေါ်မှာလည်း မိဘသဖွယ်ပါပဲ၊ ရင်အုပ်မကွာ စောင့်ရှောက်ခဲ့ရတာ ကျွန်တော်မျိုးကြီး အသိပါ ထိပ်ထားရယ်"

"ကဲ...အခုကြည့်စမ်း၊ ကျေးဇူးရှိလို့ ဘယ်လောက်ကျေးစွပ်လိုက်ကြသလဲ၊ သြော်...လူတွေ လူတွေ"

မနှစ်ကလိုပဲ သုံးနာရီအချိန်မှာတော့ မင်းသမီးကြီးဟာ ပိုပြီး နေရင့်လေ အရူးရင့်လေဖြစ်လာပါတော့တယ်။ ဆောက်တည်ရာမရ ဖြစ်နေတဲ့ မာကာလည်း တံဆိပ်တပ်ဦးထုပ်ကိုဆောင်း၊ မြင်းလှည်းသမားနဲ့ အကြာကြီးဈေးဆစ်ပြီး မင်းသမီးကြီးရဲ့ တူတော်မောင်ယန်းကို အခေါ်တော်ထွက်လာခဲ့ပါသည်။ ကံကောင်းထောက်မစွာပဲ မင်းသားယန်းနေသည့် သားသားနားနား တိုက်ခန်းက သိပ်မဝေးလှ။ ကိုယ်တော်ချောကို အိပ်ရာပေါ်မှာ

mgyoe.com

mgyoe.com


လှဲလျက်သား မာကာတွေ့ရသည်။ မနေ့ညက ကျင်းပခဲ့သော အသောက်ပွဲ တစ်ခုက ယခုမှ ပြန်ရောက်လာဟန်တူ၏။ ဖောသွပ်သွပ် ဝပြဲပြဲ ဝက်မျက်နှာ ကြီးမှာ ခရမ်းရောင်သန်းနေ၏။ နဖူးစမှာလည်း ချွေးဥကြီးတွေ အစိစိအရွှဲရွှဲ။ သူ့ခေါင်းက တဝီဝီ၊ ဗိုက်ထဲက တပွိပွိ။ စိတ်ရှိလက်ရှိ အိပ်ပစ်လိုက်ချင်၏။ သို့သော် မဖြစ်။ သူ၏ ရီဝေနွမ်းလျသော မျက်လုံးအစုံက အနည်တွေ ဆပ်ပြာရည်တွေနှင့်ပြည့်နေသော ရေဇလုံကြီးကို ကြောင်တောင်တောင်ကြီး ငေးကြည့်နေ၏။

မာကာက ညစ်ပတ်ပေရေနေသော အခန်းထဲသို့ဝင်သွားပြီး မသွား ချင်သွားချင် စိတ်လက်မအီမသာနှင့် အိပ်ရာဆီသို့ ကျိုးနွံစွာသွားလေသည်။

"ဒါတော့ ကိုယ်တော်လေး မတရားဘူး၊ လုံးဝမတရားဘူး"ဟု ခေါင်း ခါယမ်းရင်း အပြစ်တင်သည့်လေသံနှင့် ပြောလိုက်လေသည်။

"ဘာမတရားတာလဲဗျ"

"ဒီနေ့ အရှင်တော်ရဲ့ မွေးနေ့ပွဲကို ကိုယ်တော်လေး ဘာလို့လာပြီး ဂါရဝမပြုရတာလဲ၊ အဲဒါ ကောင်းသလား"

"သွားစမ်းပါဗျာ" ယန်းက ဆပ်ပြာရည်များဆီမှ မျက်နှာမလွှဲဘဲ ပြောလိုက်သည်။

"အရှင်တော်ခမျာ ဘယ်လောက် စိတ်ထိခိုက်ရှာမလဲဆိုတာ ကိုယ် တော်လေး တွေးမိရဲ့လား၊ ဩော်...ကိုယ်တော်လေး ကိုယ်တော်လေး ဘာမှ အကြင်နာတရား မရှိပါလား၊ ကိုယ့်အရှင်တော်ကို ကိုယ် ဘာလို့ ဒါလောက် စိတ်ဆင်းရဲရအောင် လုပ်နေရတာလဲ"

"ကျုပ်ကတော့ မသွားရေးချမသွားဘဲ၊ အရှင်တော်ကို ပြောလိုက်ပါ၊ ဘိုးတော်ဘုရားလက်ထက်က ခလေ့ထုံးစံတွေ ခေတ်ကုန်တာကြာပြီလို့၊ ဘယ်နှယ့်ဗျာ အားအားယားယား အရည်မရ အဖတ်မရ အချိန်ဖြုန်းမနေ နိုင်ပါဘူး၊ ခင်ဗျားတို့ကတော့ ဘာအလုပ်မှ လုပ်စရာမရှိဘဲကိုး၊ အလဟဿ အချိန်ဖြုန်းနိုင်မှာပေါ့၊ သွားစမ်းပါဗျာ၊ ကျုပ်ဟာကျုပ် အေးအေးဆေးဆေး နေပါရစေ၊ ကျုပ် တစ်ရေးလောက် မှေးပါရစေဦး"

"တစ်ရေးလောက် မှေးပါရစေဟုတ်လား၊ ကိုယ်တော်လေးက မျက် နှာလွှဲခဲပစ် လိုက်ဦးမယ်ပေါ့၊ ကျွန်တော်မျိုးမျက်နှာကို စေ့စေ့ကြည့်ပြီး

mgyoe.com

mgyoe.com


ဒီစကားမျိုးပြောမှ ပြောရက်ပလေ"

"တော်စမ်းပါ၊ အလကား အဘိုးကြီး၊ အမှိုက်သရိုက်ကြီး"

မာကာက မျက်တောင်များကို တဖျပ်ဖျပ်ခတ်လိုက်သည်။ နှစ်ယောက်သား အကြာကြီး ငြိမ်သက်နေကြသည်။

"ခဏတစ်ဖြုတ်လေးဖြစ်ဖြစ် ဝင်တွေ့လှည့်ပါဦး ကိုယ်တော်လေးရယ်၊ ဂါရဝပြုတယ် ဆိုရုံကလေးပါ" သူက ဖျောင်းဖျောင်းဖျဖျ ပြောရှာသည်။ "တစ်ငိုတည်း ငိုနေတော့တာပဲ၊ အိပ်ရာပေါ်မှာ ငြိမ်ငြိမ်လှဲမနေနိုင်ရှာဘူး၊ ကြင်နာတရားလေးထားပြီး ဂါဝရပြုလိုက်ပါဦး ကိုယ်တော်လေးရယ်၊ ခဏတစ်ဖြုတ်ပါ"

"သွားကိုမသွားဘူးဗျာ၊ သွားစရာအကြောင်းလည်း မရှိဘူး၊ အချိန်လည်းမရှိဘူး၊ ဒီအပိုကြီးနားသွားပြီး ကျုပ်က ဘာလုပ်နေရမှာလဲ"

"ခဏလေးပါ ကိုယ်တော်လေးရယ်၊ ရှိကြီးခိုးပါရဲ့၊ ဂါရဝပြုတယ်ဆိုရုံလေးပါ၊ ဒီတစ်ခါ သူ့အလိုလိုက် အကြိုက်ဆောင်လိုက်စမ်းပါဦး၊ ကိုယ်တော်လေးက သူ့အပေါ် ကျေးစွပ်တယ်၊ အကြင်နာတရား ခေါင်းပါးတယ်ရယ်နဲ့ စိတ်ဆင်းရဲနေရှာတာပါ"

မာကာက အင်္ကျီလက်နှင့် မျက်လုံးများကို ပွတ်လိုက်သည်။

"သူ့အလိုလိုက်လိုက်စမ်းပါဦး"

"အင်း...ကောင်းပြီလေ၊ အဲဒီမှာ ဘရန်ဒီရမလား" ယန်းက မေးလိုက်သည်။

"ရှိရမှာပေါ့၊ ကိုယ်တော်လေးရယ်" မင်းသားက မျက်ခုံးချီပစ်လိုက်သည်။

"ရှုဘယ်တစ်ရာရော ရှိမှာလား" မေးလိုက်သည်။

"ဒါတော့ သိပ်မလွယ်ဘူး ကိုယ်တော်လေးရယ်၊ ကိုယ်တော်လေးက သတိမပြုမိလို့၊ ကျွန်တော်မျိုးတို့က အရင်တုန်းကလို သိပ်ချောင်ချောင်လည်လည် မရှိတော့ဘူး၊ ဆွေမျိုးတွေ ဝိုင်းနှိပ်စက်တာနဲ့ တက်တက်ပြောင်ပေါ့၊ ကျွန်တော်မျိုးတို့များ တင့်တောင့်တင့်တယ် ရှိတုန်းကဆိုရင် ထိပ်ထားဘေးမှာ ဝိုင်းဝိုင်းလည်လို့။ လာတွေ့လိုက်ကြတာ၊ အခုကျတော့ အင်း...တရားကျစရာ ကောင်းလိုက်တာ"

mgyoe.com

mgyoe.com

"ပြီးခဲ့တဲ့နှစ်က ကျုပ်လာလည်တဲ့အတွက် ဘယ်လောက်ရခဲ့တယ် မှတ်သလဲ၊ ရှုဘယ်နှစ်ရာဗျ၊ အခုကျတော့ ရှုဘယ်တစ်ရာတောင် အနိုင်နိုင်တဲ့ဟုတ်လား၊ ဒီမယ် အဘိုးကြီး ကျုပ်ကို လာပြီးဟာသလုပ်မနေနဲ့၊ အဘွားကြီးအိမ်ဝင်းထဲတူးကြည့် အထပ်လိုက်တွေ့လိမ့်မယ်၊ ကဲ...ကဲ ကြွတော်မူပါ၊ ကျုပ် တစ်မှေးလောက်အိပ်ချင်လို့"

"အကြင်နာတရားလေး ထားပါဦး ကိုယ်တော်လေးရယ်၊ အရိုးတော်ခမျာ အိုမင်းယိုယွင်းနေရှာပါပြီ၊ အသက်နဲ့ခန္ဓာမှ တဲတဲရယ်ပါ၊ ကရုဏာတရားလေး ထားလိုက်ပါဦး"

ယန်းကလည်း အလျှော့မပေး။ မာကာကလည်း ဈေးဆစ်၏။ လေးနာရီထိုးပြီးတော့ ယန်းလက်လျှော့ပြီး ကုတ်အင်္ကျီကိုဝတ်ကာ မင်းသမီးကြီးကို တွေ့ဆုံရန် သွားလေပြီ။

"ကျန်းခန့်သာလို့ မာပါစ အရိုးတော်" ခါးကိုင်းကာ လက်ကို နမ်းရင်း ပဋိသန္ဓာရပြုလိုက်သည်။ ပြီးတော့ တဟွတ်ဟွတ်နှင့် ချောင်းဆိုး နေသည်။

ပြီးတော့ ဆိုဖာပေါ်မှာထိုင်ပြီး မနှစ်က ဓာတ်ပြားဟောင်းကြီးကိုပဲ ပြန်ဖွင့်မည်။

"မေရီခရိုင်စကီနာတော့နိုက်ခ်ဆီက စာတစ်စောင်ရထားတယ်တဲ့၊ သူ့အဆက်ဟောင်းကြီးလေ၊ တကယ့်ကိုတော်တဲ့လူဗျာ၊ အဆိုတော်မလေးတစ်ယောက်အတွက် အင်္ဂလိပ်လူမျိုးတစ်ယောက်နဲ့တောင် ဓားချင်းယှဉ်ရသေးတယ်ဆိုပဲ၊ ဘယ်သူတဲ့ ဒီကလေးမနာမည်၊ ပါးစပ်ဖျားတင် မေ့နေပါပြီ"

"တကယ်..."

မင်းသမီးကြီးက မျက်လုံးများကို ပြူးလိုက်၊ လက်ကိုမြှောက်လိုက် လုပ်ရင်း ထိတ်လန့်မှုရောစွက်သည့် အံ့ဩမှုဖြင့် 'တကယ်'လို့ ထပ်မေးမည်။

"တကယ်ပေါ့၊ ဒီမောင်က ဓားရေးချင်းယှဉ်လိုက်၊ အဆိုတော်တွေနဲ့ ရှုပ်လိုက်နဲ့ သူ့အတွက်နဲ့ပဲ သူ့မိန်းမလည်း ဖြူခါပြာခါကျ၊ လုံးပါးပါးနေပြီ၊ တူတော်မောင်တော့ ဒီလိုလူစားမျိုးတွေအပေါ် နားကိုမလည်တော့ဘူး"

ပျော်ရွှင်ကြည်နူးနေသော မင်းသမီးကြီးက ယန်းအနားကပ်ထိုင်ကာ

mgyoe.com

mgyoe.com


စကားဆက်ကြမည်။ လက်ဖက်ရည်နှင့် ဘရန်ဒီလည်း သုံးဆောင်ကြမည်။

မင်းသမီးကြီးက ယန်း စကားများကို နားထောင်ရင်း ရယ်လိုက် မောလိုက်၊ ထိတ်လန့်ဟန်ပြလိုက်၊ စိတ်ထိခိုက်ဟန်ပြလိုက် လုပ်နေချိန်မှာ အဘိုးကြီးမာကာကတော့ သူ့သေတ္တာများကို လှန်လှောမွှေနှောက်ကာ ငွေစက္ကူများ စုဆောင်းနေပေလိမ့်မည်။ မင်းသားယန်းက အတော်ထောက်ထားညှာတာပါပေသည်။ သည်တစ်ခေါက်တော့ ရူဘယ်ငါးဆယ်သာ တောင်းသည်။ ဒါပေမဲ့ သည်ငွေကိုရဖို့အတွက် မာကာခမျာ သေတ္တာတစ်လုံးမက လှန်လှောမွှေနှောက်ရပေလိမ့်မည်။

*Chekhov's Collected Works Vol I က Once A Year ကို ဘာသာပြန်ဆိုထားတယ်။*

၀

mgyoe.com

mgyoe.com

# ပီတိဝှန်လှိုက်

ညဆယ့်နှစ်နာရီ ထိုးပေပြီ။ အဝတ်အစား ဖိုသီဖတ်သီနှင့် အကြီးအကျယ် စိတ်လှုပ်ရှားနေသော မောင်မေတ္တာသည် သူ၏မိဘများ နေထိုင်ရာတိုက်ခန်းသို့ အခန်းပေါင်းများစွာကို ဖြတ်ကျော်ပြီး ဒရောသောပါး အမောတကောနှင့် ရောက်ရှိလာသည်။ သူ၏မိဘများသည် အိပ်ရာထဲသို့ပင် ရောက်နေလေပြီ။ သူ၏နှမဖြစ်သူကား အိပ်ရာပေါ်မှာ လဲလျောင်းလျက် ဝတ္ထုတစ်ပုဒ်၏ နောက်ဆုံးစာမျက်နှာကိုအပြီးသတ်ဖတ်ရှုနေသည်။ အထက်တန်းကျောင်းသား ညီငယ်နှစ်ယောက်ကား အိပ်မောကြနေကြပေပြီ။

"သား ဘယ်လျှောက်သွားနေတာလဲ၊ ဘာတွေဖြစ်လာတာလဲ" သူ၏မိဘနှစ်ပါးက တအံ့တသြနှင့် မေးကြသည်။

"အမလေး...အမေရေ သားကို မေးမနေနဲ့ဗျို့၊ သားဖြင့် ဒီလိုဖြစ်လိမ့်မယ်လို့ လုံးဝကို မမျှော်လင့်မိဘူး၊ အိမ်မက်ထဲတောင် ထည့်မမက်မိဘူး၊ ယုံနိုင်စရာတောင် မရှိဘူး"

မောင်မေတ္တာက တဟားဟားရယ်ရင်း ပက်လက်ကုလားထိုင် တစ်လုံးပေါ်မှာ ခြေပစ်လက်ပစ် ထိုင်ချလိုက်သည်။ အတိုင်းမသိ ပီတိသောမနဿဖြစ်မှုကြောင့် မတ်တတ်ပင် ကောင်းကောင်းမရပ်နိုင်။

"တကယ့်ကို ယုံနိုင်စရာမရှိဘူး၊ အမေတို့ကလည်း ဒီလိုဖြစ်လာ

mgyoe.com

mgyoe.com

လိမ့်မယ်လို့ စိတ်ကူးထဲတောင် ထည့်မိမှာမဟုတ်ဘူး၊ ရော့...ဟောဒီမှာ ကြည့်"

သူ၏နှမလည်း အိပ်ရာထဲက လူးလဲထပြီး တဘက်တစ်ထည်ကို ခြုံကာ သူ့ဆီသို့ အပြေးတလွှားရောက်လာပြီး အထက်တန်းကျောင်းသားများလည်း အိပ်ရာမှနိုးကြလေပြီ။

"ဘာတွေဖြစ်လာတာလဲသား၊ နေမှကောင်းရဲ့လား"

"ဝမ်းသာလွန်းလို့ပါ အမေရာ" ခုဆိုရင် မြန်မာနိုင်ငံ တစ်နိုင်ငံ လုံးက ကျွန်တော့်ကို သိတော့မယ်ဗျ။ အမေတို့သိထားတာက အခွန်ဝန်ရုံး က အညတရ အောက်တန်းစာရေးလေး မောင်မေတ္တာ။ အခုတော့ တစ်ကမ္ဘာလုံး ကတောင် ကျွန်တော့်အကြောင်းကို သိတော့မယ်ဗျ အမေရ။ ဘယ်လောက် ဝမ်းသာစရာ ကောင်းသလဲ။

မောင်မေတ္တာသည် ကုလားထိုင်ပေါ်မှ ခုန်ထပြီး အခန်းထဲမှာ လှည့်ပတ်ပြေးနေသည်။ ပြီးတော့ ကုလားထိုင်မှာ ထိုင်ချလိုက်ပြန်သည်။

သူ့ခမျာ အတိုင်းမသိသော ပီတိသောမနဿကြောင့် ဆောက်တည်ရာမရ ဖြစ်နေသည်။

"ဘာတွေဖြစ်လာတာလဲ၊ အကျိုးအကြောင်း ပြောပြစမ်းပါဦး"

အမေတို့ကလည်း နှလပိန်းတုံးတွေကျနေတာပဲ။ သတင်းစာလေးတောင် မဖတ်မိကြဘူးလား။ သတင်းစာထဲ ဘာတွေပါသလဲဆိုတာတောင် မသိကြတော့ဘူးလား။ သတင်းထဲမှာ ထူးခြားတဲ့သတင်းတွေဆိုရင် အကုန်ပါတာပဲ။ ဘာပဲဖြစ်ဖြစ် လူတိုင်း တစ်ခါတည်းတန်းသိတာပဲ၊ ဘာမှ ဖုံးကွယ်ထားလို့မရဘူး။ ပျော်လိုက်တာအမေရာ၊ ပျော်လိုက်တာ။ သတင်းစာဆိုတာက တော်ရုံတန်ရုံလူအကြောင်း ရေးတာမဟုတ်ဘူး။ ဟော...ဟောဒီက သတင်းစာထဲမှာ သားတော်မောင်အကြောင်း ရေးထားပါသဗျား။

` "ဘာတွေပြောနေတာလဲ၊ ဘယ်မှာရေးထားတာလဲ"

အဖေက မျက်စိမျက်နှာပျက်နေသည်။ အမေကတော့ ဘုရားစင်ကို မော့ကြည့်ပြီး လက်အုပ်ချီလိုက်သည်။ အထက်တန်းကျောင်းသာ ညီနှစ်ယောက်ကတော့ အိပ်ရာထဲက ဝုန်းခနဲ ထပြီး ညဝတ်အင်္ကျီ ဖိုသီဖတ်သီနှင့် သူ့အစ်ကိုကြီးဆီသို့ အပြေးအလွှား ရောက်လာကြသည်။

mgyoe.com

mgyoe.com

"ဟုတ်တယ်၊ ဟောဒီမှာ သားအကြောင်းကိုရေးထားတာ၊ အခုဆိုရင် မြန်မာတစ်နိုင်ငံလုံးက ဒီအကြောင်းကို သိကြရော့မယ်၊ ဟောဒါလေးကိုတော့ အမှတ်တရ သိမ်းထားပါအမေရာ၊ ဒါလေးကို ကျွန်တော်တို့ ထပ်ခါတလဲလဲ ဖတ်ကြရမှာ၊ ဟောဒီမှာကြည့်"

မောင်မေတ္တာက သူ့တိုက်ပုံအိတ်ထဲ ခေါက်ထည့်ထားသော သတင်းစာကိုထုတ်၊ သူ့အဖေဘက်သို့ လှမ်းပေးပြီး သူ့ခဲတံပြာနှင့် ဝိုင်းထားသော စာပိုဒ်ကလေးတစ်ပိုဒ်ကို ထောက်ပြလိုက်သည်။

"ဖတ်ကြည့်ပါဦး"

သူ့ဖခင်က စာကြည့်မျက်မှန်ကို တပ်လိုက်သည်။

"လုပ်ပါ၊ ဖတ်စမ်းပါဗျ၊ အဖေကလဲ"

အမေကတော့ ဘုရားစင်ကို နောက်တစ်ခါမော့ကြည့်ပြီး လက်အုပ်ချီမိပြန်သည်။ အဖေက ချောင်းတစ်ချက်ဟန့်ပြီး စဖတ်ပြသည်။

"ဒီဇင်ဘာ ၂၉ ရက်နေ့ ည ၁၁ နာရီခန့်က အခွန်ဝန်ရုံးမှ အောက်တန်းစာရေးလေး မောင်မေတ္တာသည် (၈၄)လမ်း ရုံတော်ကြီးရှိ လျှမ်းစိန်ဟိုတယ်မှ ညစာစားသောက်ပြီးထွက်လာရာ (၂၉)လမ်းထောင့်အရောက် မူးဝေသွားဟန်လက္ခဏာဖြင့်..."

"တွေ့လား၊ တွေ့လား၊ ဆက်ဖတ်ပါအဖေရဲ့ ဆက်ဖတ်ပါ"

"အောက်တန်းစာရေးလေး မောင်မေတ္တာသည် (၈၄)လမ်း ရုံတော်ကြီးရှိ လျှမ်းစိန်ဟိုတယ်မှ ညစာစားသောက်ပြီးထွက်လာရာ (၂၉)လမ်းထောင့်အရောက်တွင် မူးဝေဟန်လက္ခဏာဖြင့်..."

"ကျွန်တော်က အဲဒီတုန်းက ဝင်းအောင်နဲ့အတူ ထွက်လာတာ၊ အဲဒီထဲမှာ အကုန်အသေးစိတ်ပါတယ်၊ ဆက်ဖတ်ပါအဖေရ ဆက်ဖတ်ပါ၊ ကျန်တဲ့လူတွေလည်း နားထောင်ကြ"

မူးဝေဟန်လက္ခဏာဖြင့် ရုံတော်ကြီး မြင်းလှည်းဂိတ်တွင် ဆိုက်ကပ်ထားသော မြင်းလှည်းတစ်စီးမှ မြင်းတစ်ကောင်၏ ခြေရင်းနားလဲကျသွားရာ မြင်းကလန့်ဖျပ်ပြီး မောင်မေတ္တာကိုနင်းကာ (၂၉)လမ်းအတိုင်း ပြေးထွက်သွားသည်ကို မြင်းလှည်းသမားက ဝိုင်းဝန်းဆွဲငင်ထားလိုက်ရသည်။ မြင်းကန်ခံရသော မောင်မေတ္တာကို မန္တလေးဆေးရုံ ပြင်ပလူနာ

mgyoe.com


ဌာနပို့ဆောင်ပြီး ကုသစေရာ နောက်စေ့တွင် မြင်းကန်သည့်ဒဏ်ရာ ကြောင့် နှစ်ချက်ချုပ်ရသည်မှတစ်ပါး အခြားဒဏ်ရာ ပြင်းပြင်းထန်ထန် မရရှိကြောင်း သိရှိရပါသည်။

"နောက်စေ့ကို ခွာနဲ့ရုပ်မိသွားတာ အဖေရဲ့" ဆက်ဖတ်ပြလိုက်ပါဦး"

ဒဏ်ရာရသူ မောင်မေတ္တာကို ဆေးဝါးကုသမှုများပေးပြီး လိုအပ်သလို အရေးယူဆောင်ရွက်နိုင်ရန် ရဲအဖွဲ့မှ စုံစမ်းစစ်ဆေးမှုများ ဆက်လက်ဆောင်ရွက်နေပါသည်။

"ဆေးရုံက ကျွန်တော့်ဒဏ်ရာကို ရေခဲနဲ့အုပ်အုပ်ပေးဖို့ မှာလိုက်တယ်လေ၊ ကဲ...အားလုံး သိသွားကြပြီမဟုတ်လား၊ အခုဆိုရင် ဒီသတင်းဟာ တစ်နိုင်ငံလုံးအနှံ့ ပျံ့သွားပြီ၊ ပေးပေး ကျွန်တော့်သတင်းစာ ပြန်ပေး"

မောင်မေတ္တာက သတင်းစာကို ပြန်ဆွဲယူပြီး သေသေချာချာခေါက်ကာ တိုက်ပုံအိတ်ထဲ ထိုးထည့်လိုက်သည်။

"စိန်မောင်တို့တစ်သိုက်ကို ပြေးပြီးပြရဦးမယ်၊ မြရီတို့၊ မြသီတို့လည်း ပြရဦးမယ်၊ ခပ်မြန်မြန်လေးသွားမှ ဖြစ်မယ်၊ ကဲ...သွားပြီဗျို့"

မောင်မေတ္တာသည် ဦးထုပ်တစ်လုံးကို ကောက်ဆောင်းကာ အောင်ပွဲခံလာသော စစ်သူကြီးတစ်ဦးပမာ လမ်းထဲသို့ ပျော်ရွှင်စွာပြေးထွက်သွားလေတော့သည်။

*Anton Chekhov's ၏ Joy ကို မြန်မာမှုပြုထားပါသည်။*

○

mgyoe.com

mgyoe.com

## ဘမျိုးဘိုးတူ ချိုနဲ့လား

ကြမ်းပိုးကကိုက်၊ ခြင်ကကိုက် ပူလိုက်အိုက်လိုက်တဲ့ည။ ပြတင်းပေါက်တွေ အကုန်ဖွင့်ထားရတယ်။ ရေငတ်လိုက်တာလည်း လွန်ပါရော။ ငါးပိကောင်စားထားရတဲ့အတိုင်း ကျွန်တော်လည်း အိပ်ရာပေါ်မှာ ဘယ်ပြောင်းညာပြန် တလူးလူး တလိမ့်လိမ့်နဲ့ အိပ်ပျော်ဖို့ မနည်းကြိုးစားနေတယ်။ နံရံဟိုဘက် တစ်ဖက်ခန်းမှာ အဘိုးကလည်း အိပ်မပျော်၊ ကျွန်တော့်လိုပဲ တလူးလူး တလိမ့်လိမ့်နဲ့။ သူက ကျွန်တော်နဲ့အတူနေတဲ့ ပင်စင်စားအရာရှိကြီး။ ကျွန်တော်တို့နှစ်ယောက်စလုံး ကြမ်းပိုးကိုက်ခံရတိုင်း ဒေါသူပုန်ထနေကျ၊ တလူးလူး တလိမ့်လိမ့်ဖြစ်နေကျ။ အဘိုးက ချောင်းဆိုးလိုက်၊ ရင်ကျပ်လိုက်၊ တောင့်နေအောင် ကော်တင်ထားတဲ့ သူ့ညဆောင်းဦးထုပ်ကလည်း တဂျပ်ဂျပ်နဲ့။

"ခွေးကောင် အရှူး၊ မင်း မဟုတ်တမ်းတရား လုပ်နေတာတွေ ရပ်တန်းက မရပ်သေးဘူးလား"ဟု သူက ရေရွတ်လိုက်တယ်။

"ဘာကို ဆိုလိုတာလဲ အဘိုးရ"

"မင်းသိပြီးသားပါ၊ ဘယ်သူ အင်း...ဒင်းတို့ကလည်း ဒီကောင့်ကို စည်းကမ်းတင်းတင်းကျပ်ကျပ် မကိုင်ကြဘူး၊ အလိုလိုက်ထားကြတာ၊ ဆုံးမတယ်လို့မှ မရှိဘဲကိုး" အဘိုးက သက်ပြင်းရှည်ကြီးတစ်ချက် ရှိုက်

mgyoe.com

mgyoe.com


လိုက်တယ်။ ပြီးတော့ တဟွပ်ဟွပ်နဲ့ ဆက်တိုက် ချောင်းဆိုးပြန်ရော။ "မင်းကတော့ကွာ သုံးကြိမ်သုံးခါလောက်ကို စားချင်းယှဉ်ခုတ်ဖို့ စိန်ခေါ်ဖို့ကောင်းနေပြီ၊ အဲဒီအခါကျမှ သဘောပေါက် နားလည်မယ့်ကောင်၊ ကြမ်းပိုးသတ်ဆေး ပါရှင်းပေါင်ဒါ ဝယ်ပါဆိုတော့လည်း မဝယ်ဘူး၊ နေစမ်းပါဦး မေးစမ်းပါရစေ၊ ဒါ ဘာသဘောလဲ၊ ပျင်းတာလား၊ ဖြစ်ကတတ်ဆန်းနေတာလား၊ ပြီးကပစ်လုပ်တာလား"

"အဘိုးရာ...တော်ပါတော့ ကျွန်တော် အိပ်ပါရစေ"

"ဟေ့ကောင် တစ်ခွန်းမှ ပြန်မပြောနဲ့၊ ခွန်းတုံ့မပြန်နဲ့၊ မင်း ဘယ်သူနဲ့ စကားပြောနေတာလဲဆိုတာ သတိထားဦး"

"အဘိုးရဲ့ ကုတ်သံဖွဲ့သံတွေက ကျယ်လောင်လာသလို သူ့လေသံကလည်း မာလာတယ်၊ ငါထပ်ပြောပါဦးမယ်၊ ဘာကြောင့် ပါရှင်း ပေါင်ဒါ မဝယ်တာလဲ၊ ပြောစမ်းပါဦး လူကြီးမင်းရဲ့၊ မင်းကိုယ်တိုင် သူများအတိုင်အတောခံနေတဲ့အချိန်မှာ ဒီလောက် သည်းမခံနိုင်တဲ့လုပ်ရပ်တွေ ဆက်လုပ်နေတာများ အံ့ပါရဲ့ကွာ၊ မနေ့က ဦးစီးမှူး ဒူဗျာကင်က ငါ့ကိုလာတိုင်တယ်၊ မင်းက သူ့မိန်းမနဲ့ စက်ပုန်းခုတ်နေတယ်ဆို၊ နေစမ်းပါဦး ဘယ်သူကများ မင်းကို ဒီလိုလုပ်ဖို့ အခွင့်အရေးပေးထားလို့လဲ၊ မင်းမှာ ဘာအခွင့်အရေးတွေ ရှိလို့လဲ"

သည်နောက်တော့ အဘိုးက ကျွန်တော့်ကို အချိန်အတော်ကြာ အောင် ဆူပူကြိမ်းမောင်းပါတယ်။ နောက်တော့ ဆဲဆိုကြိမ်းမောင်းရာကနေ လေသံပြောင်းသွားပါလေရော။

"ဒါတွေအားလုံးကို ကျွန်တော် အဘိုးထက် ပိုနားလည်ပါတယ်၊ ကျွန်တော့်အသိစိတ်က ကျွန်တော့်ကို ပြန်ညှဉ်းပန်းနေတယ်ဆိုတာကိုလည်း ဝန်ခံပါတယ်၊ ဒါပေမဲ့ ကျွန်တော်လည်း ဘာမှမတတ်နိုင်ဘူး၊ ဒါလည်း အဘိုးနဲ့ တစ်ပုံစံတည်းတူလို့ပဲ၊ အသွေးရော၊ အသားရော၊ ကိုယ်ကျင့်သိက္ခာတွေပါ အဘိုးဆီက အမွေဆက်ခံထားလို့ပဲ၊ မျိုးရိုးဗီဇကိုက ပါလာတော့ ကျွန်တော်လည်း ဘာမှမတတ်နိုင်ဘူး အဘိုး"

"ငါ...ငါက သူတစ်ပါးသားမယား မပြစ်မှားဘူးကွ၊ မင်း တန်းလာမညှိနဲ့၊ လုပ်ကြံမပြောနဲ့"

mgyoe.com

mgyoe.com

"ဩော်...ဟုတ်လား၊ ဒါပေမဲ့ လွန်ခဲ့တဲ့ဆယ်နှစ်ကလေ အဘိုး အသက်ခြောက်ဆယ်လောက်တုန်းက မှတ်မိသေးလား၊ သူတစ်ပါးသား မယား ပြစ်မှားတာတော့ မဟုတ်ဘူး၊ ဒါပေမဲ့ အိုမင်းရွတ်တွ တစ်ခုလပ် မုဆိုးမလည်း မဟုတ်ဘူး၊ နုနုဖပ်ဖပ် အပျိုစင်ကလေး နီနေ့ချိကာလေ အဘိုးမှတ်မိသေးလား"

"ငါ...ငါက တင့်တောင့်တင့်တယ် လက်ထပ်ယူခဲ့တာကွ"

"လက်ထပ်တာတော့ လက်ထပ်တာပေါ့ဗျာ၊ ကလေးမလေးခမျာ လူရေးလူရာတောင် နားလည်သေးတာမဟုတ်ဘူး၊ နုနုရွရွ ယုယုယယ ပြုစုရမယ့်ကလေးမ၊ အသက်(၆၀)ကျော် အိုမင်းရွတ်တွကြီးနဲ့ လားလားမှ မထိုက်ဘူး၊ အသက်ငယ်ငယ် ချမ်းသာကြွယ်ဝတဲ့သူတစ်ယောက်က လက်ထပ်ယူရလောက်အောင် လှလည်းလှ လိမ်လည်းလိမ္မာတဲ့ ကလေးမလေး၊ ပြီးတော့ မိကောင်းဖခင်သား လူငယ်လေးတစ်ယောက်နဲ့လည်း စေ့စပ်ထားတာ၊ ဒါပေမဲ့ အဘိုးက ရာထူးနဲ့ခြောက်၊ ငွေနဲ့ပေါက်ပြီး ကလေးမလေးကို အပိုင်ကိုင်၊ ပြီးတော့ မလိမ်မိုးမလိမ္မာ မနူးမနပ် ဆယ့်ခုနစ်နှစ်ရွယ် ကလေးမလေးကို ရွှေတိုရွှေစ လက်ဝတ်လက်စားလေးတွေနဲ့ ဖြားယောင်းသိမ်း သွင်း၊ မင်္ဂလာဆောင်တဲ့နေ့ကများ သူ့ခမျာ ငိုလိုက်တာ၊ အဲဒီတော့မှ မှားမှန်းသိ သွားရှာတယ်၊ သနားစရာ၊ ပြီးတော့လည်း အရက်သမား ဆူဗေဒါ တစ်ယောက်နဲ့ လိုက်ပြေးသွားတာပဲ၊ အဲဒါ အဘိုးနဲ့ ဝေးနိုင်သမျှ ဝေးဝေး နေချင်လို့ သိရဲ့လား"

"ဟေ့ကောင်...တိတ်စမ်း၊ ဒါ မင်းနဲ့ ဘာမှမဆိုင်ဘူး၊ ငါ့သဘော၊ မင်းကတော့ ငါးကြိမ်လောက်စိန်ခေါ်ပြီး ဓားချင်းယှဉ်ခုတ်လိုက်ရင် ကိုယ့်နှမကိုယ်တောင် ဓားပြတိုက်ရဲမှာ မဟုတ်ဘူး၊ အလကားကောင် လူယုတ်၊ ငွေကလေးမဖြစ်စလောက်နဲ့ ကိုယ့်နှမကိုယ်တောင် တရားစွဲပြီး အရယူတဲ့ ကောင်"

"ဒါလည်း အဘိုးခြေရာနင်းတာပဲလေ၊ အဘိုးလမ်းစဉ်လိုက်တာပဲ လေ၊ လူတွေကို ဘယ်လိုကလိမ်ကျရမလဲဆိုတာ အဘိုးဆီက သင်ခဲ့တာ ပဲ၊ မှတ်မိသေးလား၊ အတွင်းဝန်ရုံးမှာ အဘိုးအမှုထမ်းတုန်းကလေ၊ ပြီးတော့ ဥဖာတိုင်းကို မင်းကြီးအဖြစ်နဲ့ ရာထူးတိုးပြောင်းရတာလဲ"

mgyoe.com

mgyoe.com


သည်လိုနဲ့ အဘိုးနဲ့ ကျွန်တော် အကြာကြီး အချီအချစကားတွေ များကြပါတယ်။ သူကလည်း ကျွန်တော့်ကို ပြစ်ချက်နှစ်ဆယ်နဲ့ စွပ်စွဲ။ ကျွန်တော်ကလည်း အကြိမ်နှစ်ဆယ်လုံး ဘမျိုးဘတူ ချိုနဲ့လို့ သွေးသား တော်စပ်မှုအပေါ်ပုံချ။ နောက်ဆုံးတော့ အဘိုးက ဒေါသတကြီးနဲ့ နံရံတွေကို ကုတ်ခြစ်။

နောက်ဆုံးတော့ ကျွန်တော်ကပဲ "ကဲပါ…အဘိုးရယ်၊ ဒီလိုနဲ့ ကျွန်တော်တို့ တစ်ညလုံး အိပ်ရတော့မှာမဟုတ်ဘူး၊ မြစ်ထဲ နည်းနည်းလောက် ရေကူး၊ ပြီးတော့ အရက်မူးအောင်သောက်ပြီး ကုလားသေ ကုလားမော အိပ်လိုက်ကြတာပေါ့"

ဒေါသထွက်လွန်းလို့ နှုတ်ခမ်းတွေ တလှုပ်လှုပ်ဖြစ်နေတဲ့ အဘိုးလည်း အဝတ်အစားလဲပြီး မြေးအဘိုးနှစ်ယောက်သား မြစ်ဆိပ်ကို ဆင်းလာခဲ့ကြပါတယ်။ လကလည်းသာသာနဲ့ လှလိုက်တဲ့ည။ ရေကူးပြီးတော့ အိမ်ပြန်လာကြရော။ စားပွဲပေါ်မှာ ပုလင်းကအဆင်သင့်။ ကျွန်တော်က ဖန်ခွက်နှစ်ခွက်ထဲ ငှဲ့လိုက်တယ်။ အဘိုးက တစ်ခွက်သောက်ပြီး သူ့ကိုယ်ပေါ်မှာ လက်ဝါးကပ်သဏ္ဍာန်တို့လိုက်တယ်။ ပြီးတော့….

"မင်း…မင်းကတော့ ဆယ်ကြိမ်လောက်စိန်ခေါ်ပြီး စားချင်းခုတ်မှ သဘောပေါက်နားလည်မယ့်ကောင်၊ ခွေးကောင် အရက်သမား"

အဘိုးက တဖျစ်တောက်တောက်ပြောလိုက်၊ ဒေါသတကြီးနဲ့ အရက်ကို မော့ချလိုက်၊ ဝက်သားကင်ကိုကိုင်လိုက်။ ကျွန်တော်က အရက်လည်း ကြိုက်လိုက်တာပဲ။ သူ့သွေးပါပေသကိုး။ ဒီတော့ ကျွန်တော်လည်း မူးအောင်သောက်ပြီး အိပ်ရာဝင်လိုက်ရော။

အဘိုးနဲ့ ကျွန်တော်ကတော့ ညတိုင်း ဒီလိုချည်းပါပဲဗျာ။

*1833, Anton Chekhov's Collected Works, Vol I က Just like Grampa ကို ဘာသာပြန်ထားပါတယ်။*

၀

mgyoe.com

mgyoe.com

# အယ်ဒီတာနဲ့ အယ်ဒီချာ

အကြီးမားဆုံးသော လွဲချော်မှုကြီးတစ်ရပ်မရှိဘဲ ကျွန်တော်သည် စိုက်ပျိုးရေးဂျာနယ်တစ်စောင်၏ ယာယီအယ်ဒီတာချုပ် ဖြစ်မလာနိုင်ပါ။ ကုန်းမှာပျော်ပါး ကျေးတောသားတစ်ယောက်အနေနဲ့ အဏ္ဏဝါပြင်ကျယ်မှာ လှည့်လည်သွားလာနေသည့် သင်္ဘောတစ်စီး၏ မာလိန်မှူးတစ်ယောက် ဖြစ်လာဖို့ဆိုသည်မှာလည်း အကြီးမားဆုံးသော လွဲချော်မှုကြီးတစ်ရပ်မရှိဘဲ ဖြစ်မလာနိုင်သကဲ့သို့ပင်။ တကယ်တော့ ဒီအယ်ဒီတာဘဝကို မရောက်ရောက်အောင် တွန်းပို့လိုက်သည့် တရားခံကတော့ မက်လောက်ဖွယ်ရာ လစာကြောင့်ပင်။ ထိုစိုက်ပျိုးရေးဂျာနယ်၏ ပင်တိုင်အယ်ဒီတာချုပ်က အားလပ်ရက် ခရီးဝေးထွက်ခွာသွားသည်။ သို့ဖြစ်၍ သူ၏ကမ်းလှမ်းချက်ကို လက်ခံပြီး ကျွန်တော် အယ်ဒီတာဘဝသို့ အရှင်လတ်လတ် ရောက်ခဲ့ရပြန်ပါသည်။

ဤအယ်ဒီတာအလုပ်ကို စွဲမက်စေသည့် အကြောင်းအရာတစ်ရပ်ကတော့ ဖိမ်အလွန်ကျခြင်း ဖြစ်သည်။ ကျွန်တော်သည် မမောနိုင်မပန်းနိုင်သော ပျော်ရွှင်မှုဖြင့် တကုပ်ကုပ် အလုပ်လုပ်ရင်းနှင့် တစ်ပတ်တာအချိန်ကုန်လွန်စေခဲ့သည်။ ကျွန်တော်တို့သည် ပုံနှိပ်တိုက်သို့သွားကြသည်။ ကျွန်တော်သည် ကျွန်တော့်၏ ကြိုးပမ်းလုပ်ဆောင်မှုကို တစ်စုံတစ်ယောက်က သတိမှုပြုမိပါမည်လားဟူသည့် သောကကို ရင်ဝယ်ပိုက်ရင်း တစ်နေ့တာကုန်ဆုံးဖို့ စောင့်ဆိုင်းခဲ့ရသည်။ နေဝင်ချိန်မှာ ရုံးဆင်း၍ အိမ်ပြန်သည့်အခါ အဆင်းလှေကားရင်းမှာ စုဝေးနေကြသည့်လူကြီးနှင့်

mgyoe.com

mgyoe.com


လူငယ်တစ်စုသည် ရိုရိုသေသေ လေးလေးစားစား လမ်းဖယ်ပေးကြသည်။ သူတို့အထဲမှ တစ်ယောက် နှစ်ယောက်က "အဲဒါ အယ်ဒီတာချုပ်ကြီးကွ" ဟု ပြောသံကြားလိုက်ရသည့်အခါ ကျွန်တော့်မှာ ဖရဏာပီတိ ဝွမ်းဆီထိ ခဲ့ရပါသည်။ နောက်တစ်နေ့နံနက်မှာလည်း ထိုအုပ်စုကိုပင် လှေကားရင်းမှာ ပြန်တွေ့ရသည့်အပြင် မလှမ်းမကမ်းမှ ဟိုနားတစ်စု သည်နားတစ်စု ပြန့်ကြဲနေသော လူတစ်ယောက်စ နှစ်ယောက်စ စုံတွဲတစ်တွဲ နှစ်တွဲက ကျွန်တော်အလာကို စိတ်ဝင်တစား စောင့်ကြည့်နေကြသည်ကို တွေ့ရပါသည်။ ကျွန်တော် ချဉ်းကပ်လာသည့်အခါ လူအုပ်က ခပ်ယို့ယို့ရှဲပေးကြသည်။ လူအုပ်ထဲမှ တစ်ယောက်က "သူ့မျက်လုံးတွေကို ကြည့်စမ်း၊ မထူးခြားဘူးလား"ဟု ပြောလိုက်သံကြားလိုက်ရသည့်အခါ ကျွန်တော့်အပေါ် သူတို့၏ အာရုံစူးစိုက်နေမှုကို ဟန်လုပ်ပြီး မသိကျိုးကျွန်ပြုထားရသော်လည်း စိတ်ထဲမှာ ကြိတ်ပြီး ကျေနပ်ဝမ်းသာရလွန်းသည့်အတွက် ကျွန်တော့်အဒေါ်ဆီသို့ပင် စာတစ်စောင်ရေးပြီး ဤအဖြစ်အပျက်များကို ပြောပြလိုစိတ် တဖွားဖွား ပေါ်ပေါက်လာခဲ့ပါသည်။ ကျွန်တော်သည် လှေကားထစ်များကို အပြေးအလွှားတက်လာခဲ့ပါသည်။ တံခါးအနီး ရောက်သောအခါ အခန်းတွင်းမှ တစ်စုံတစ်ခုအကြောင်းကို ခပ်သောသော ပြောရင်း ရယ်သွမ်းသွေးနေကြပါသည်။ ကျွန်တော် တံခါးဖွင့်လိုက်သည့်အခါ တောသားရုပ်ပေါက်နေသည့် လူငယ်နှစ်ယောက်ကို တွေ့လိုက်ရသည်။ ကျွန်တော့်ကိုလည်း မြင်လိုက်ရော နှစ်ယောက်စလုံး မျက်စိမျက်နှာပျက်သွားပြီး ဝုန်းဆို ပြတင်းပေါက်ကနေ ခုန်ချထွက်ပြေးသွားကြသည်။ ကျွန်တော်လည်း တအံ့တသြဖြစ်ကျန်ရစ်ခဲ့ပါတော့သည်။

နာရီဝက်လောက်ကြာတော့ မုတ်ဆိတ်ဖားဖား ခံ့ညားတည်ကြည်သည့်မျက်နှာနှင့် အဘိုးကြီးတစ်ယောက်ဝင်လာပြီး အခန်းသားထိုင်ချလိုက်ပါသည်။ သူ့စိတ်ထဲမှာ တစ်စုံတစ်ခုနှင့်ပတ်သက်ပြီး စနောင့်စနင်းဖြစ်နေဟန်တူပါသည်။ သူ့ဦးထုပ်ကိုချွတ်ပြီး ကြမ်းပြင်ပေါ်မှာ ချထားလိုက်ပါသည်။

ထို့နောက် ဦးထုပ်ထဲမှ လက်ကိုင်ပဝါအနီတစ်ထည်နှင့် ကျွန်တော်တို့ဂျာနယ်တစ်စောင်ကို ထုတ်ယူလိုက်သည်။ ဂျာနယ်ကို ပေါင်ပေါ်မှာ တင်

mgyoe.com

mgyoe.com


မျက်မှန်ကို လက်ကိုင်ပဝါနှင့်သုတ်ပြီး အဘိုးကြီးက"မောင်ရင်က အယ်ဒီတာ အသစ်လား"ဟု ကျွန်တော့်ကိုမေးလိုက်ပါသည်။ ကျွန်တော်က ဟုတ်မှန်ကြောင်းပြောလိုက်တော့ "မောင်ရင် အရင်က စိုက်ပျိုးရေးဂျာနယ်တစ်ခုမှာ အယ်ဒီတာလုပ်ဖူးသလား"ဟု မေးလိုက်ပြန်ပါသည်။

"မလုပ်ဖူးပါဘူး၊ ဒါ ကျွန်တော့်အတွက် ပထမဆုံးကြိုးပမ်းမှုပါပဲ"

"သိပ်ဟုတ်တာပေါ့ကွာ၊ မောင်ရင် စိုက်ပျိုးရေးနဲ့ပတ်သက်လို့ရော လက်တွေ့လုပ်ဖူးသလား"

"မလုပ်ဖူးပါဘူး ခင်ဗျာ"

"ကျုပ်လည်း အထင်သားပဲ"ဟု အဘိုးကြီးက ပြောပြောဆိုဆို မျက်မှန်တပ်ကာ ကျွန်တော့်မျက်နှာကို စူးစူးဝါးဝါး စိုက်ကြည့်နေပါတော့သည်။ သူက ဂျာနယ်ကို ကိုင်ဖတ်၍ ကောင်းသည့်အနေအထားရောက်အောင် ခေါက်လိုက်ပါသည်။ "ဒီလိုအတွေးပေါက်လာရအောင် ဖန်တီးလာတဲ့ စာတစ်ပုဒ် မောင်ရင့်ကို ဖတ်ပြမယ်၊ အဲဒါ ခေါင်းကြီးပိုင်းပဲ၊ သေသေချာချာ နားထောင်ပြီး မောင်ရင်ရေးတာ ဟုတ်၊မဟုတ် ပြောပါဦး"

"မုန်လာဥများကို မည်သည့်အခါမျှ ဆွဲမနုတ်သင့်ပေ၊ အပင်များကို ထိခိုက်စေနိုင်ပါသည်၊ ဤသို့ပြုလုပ်မည့်အစား ကလေးတစ်ယောက်ကို အပင်ပေါ်သို့တက်စေကာ လှုပ်ချစေသင့်ပါသည်"

"ကဲ...အဲဒီစာနဲ့ပတ်သက်ပြီး ဘယ်လိုသဘောရသလဲ၊ ကျုပ်ကတော့ မောင်ရင်ရေးထားတာလို့ထင်တယ်"

"ဘယ်လိုသဘောရသလဲ ဟုတ်လား၊ ကျွန်တော်ကတော့ ကျွန်တော်ရေးတာ မှန်တယ်လို့ယူဆတယ်၊ မုန်လာဥတွေကို မမှည့်တမှည့်မှာ ဆွဲနုတ်ကြလို့ ဒီမြို့ထဲမှာတင် နှစ်စဉ်နှစ်တိုင်း သန်းပေါင်းများစွာ ပျက်စီးဆုံးရှုံးနေရတယ်လေ၊ အဲဒီလိုလုပ်မယ့်အစား ကလေးတစ်ယောက်ကို အပင်ပေါ်တက်ခိုင်းပြီး လှုပ်ချပေးမယ်ဆိုရင်တော့..."

"မင့်အမေကြီး လှုပ်ချပါလား၊ မုန်လာဥဆိုတာ သစ်ပင်ပေါ်မှာ ပေါက်တာမဟုတ်ဘူးကွ နားလည်လား"

"ဩော်...ဟုတ်လား၊ သစ်ပင်ပေါ်မှာပေါက်တာ မဟုတ်ဘူးဆိုရင် မဟုတ်ဘူးပေါ့ဗျာ၊ ဘာသာစကားဆိုတာက ပရိယာယ်များတယ်ဗျ၊ ဒါက

mgyoe.com

mgyoe.com


ဝက်ဝုတ္တိကိုသုံးထားတာ၊ စပျစ်ပင်တွေကို ကျွန်တော်ဆိုလိုချင်တယ်ဆို တာကို လူတိုင်းသဘောပေါက်ပါတယ်"

အဘိုးကြီးက ဝုန်းခနဲ ထရပ်လိုက်ပြီး ဂျာနယ်ကို အစိတ်စိတ် အမွှာမွှာဖြစ်အောင် ဆုတ်ဖြဲလိုက်သည်။ ပြီးတော့ ကြမ်းပြင်ပေါ်ပစ်ချကာ ဖနောင့်နှင့်ပေါက်သည်။ ထို့နောက် သူ့လက်ထဲမှာပါလာသည့် လက်ကိုင် တုတ်နှင့် ထပ်မံ ရိုက်နှက်ဆုတ်ဖြဲပစ်ပြန်ပါသည်။ ကျွန်တော်ကတော့ သူ့အပြုအမူကို လုံးဝ နားမလည်နိုင်ဘဲ ဇဝေဇဝါနှင့်သာ ကြည့်နေမိပါ သည်။ ထို့နောက် အခန်းပြင်ထွက်ကာ တံခါးကို ဒိုင်းခနဲ ဆောင့်ပိတ် သွားပါသည်။ ထိုအဘိုးကြီးသည် တစ်စုံတစ်ခုနှင့်ပတ်သက်ပြီး အကြီး အကျယ် မကျေမနပ်ဖြစ်နေသည်ဆိုတာကလွဲပြီး အခြားဘာမျှမတွေးမိ တော့ပါ။ သူ့မကျေနပ်ချက်၏ အကြောင်းရင်းကို သိရမည်ဆိုလျှင်တော့ ကျွန်တော် တတ်နိုင်သလောက် ကူညီကောင်း ကူညီနိုင်ပါလိမ့်မည်။

အရပ်ရှည်ရှည်၊ ဆံပင်ကုပ်ဝဲနဲ့ ကလန်ကလားပုဂ္ဂိုလ်ကြီး အလည် အပတ်လာရောက်ပြီး တစ်ပတ်အကြာမှာတော့ မျက်နှာပေါ်မှာ ပထဝီမြေ မျက်နှာပြင်လို အရေးအကြောင်း အတွန့်အလိပ်တွေနှင့် အဘိုးကြီးတစ် ယောက် ရောက်လာပြန်ပါသည်။ သူက အခန်းတွင်းသို့ ချွတ်နင်းဝင်လာ ပြီး ရုတ်တရက် ရပ်လိုက်ပါသည်။

သူက စကားမပြောဘဲ တိတ်တိတ်နေရန် နှုတ်ခမ်းပေါ်တွင် လက် ညှိုးတင်ပြပါသည်။ ထို့နောက် ခါးကိုကိုင်း ဦးခေါင်းကိုညွှတ်ကာ စကား တစ်ခွန်းမှမဟဘဲ တစ်စုံတစ်ခုကို နားစွင့်နေပါသည်။ မည်သည့်အသံမျှ မကြားရ။ သူက နားထောင်မြဲ နားထောင်နေပါသည်။ ဘာသံမှ မကြားရ။ ထို့နောက် သူသည် တံခါးပေါက်ဆီသို့ပြန်သွားပြီး တံခါးသော့ကို လှည့် ပိတ်လိုက်ပါသည်။ ထို့နောက် သူသည် ကျွန်တော်ရှိရာသို့ ခြေဖျားထောက် ပြီး တစ်လှမ်းချင်း လှမ်းလာနေပါသည်။ ကျွန်တော့်အနီးရောက်သည့်အခါ ရုတ်တရက် ရပ်လိုက်ပြီး ကျွန်တော့်မျက်နှာကို စိတ်ဝင်တစား စူးစူးဝါးဝါး ကြီး ကြည့်နေပြန်ပါသည်။ ထို့နောက် သူ့အင်္ကျီရင်ဘတ်အောက်တွင် ခေါက် ထည့်ထားသော ကျွန်တော်တို့တိုက်ထုတ်ဂျာနယ်ကို ဆွဲထုတ်လိုက်ပါသည်။

"ဟောဒီခေါင်းကြီးက မောင်ရင်ရေးတာ ထင်ပါရဲ့၊ တစ်ဆိတ်

mgyoe.com

mgyoe.com


လောက် အသံထွက်ပြီး ဖတ်ပြပါဦး၊ ခပ်မြန်မြန်လေး ဖတ်ပြစမ်းပါ”ဟု ပြောလိုက်ပါသည်။ ကျွန်တော်က သူ့ဆန္ဒအတိုင်း ဖတ်ပြလိုက်ပါသည်၊ ဝါကျတစ်ကြောင်းဆုံးတိုင်း သူ့မျက်နှာပေါ်မှာ တင်းမာမှုတစ်ခု လျော့ပါး သွားသည်ကို အတိုင်းသားတွေ့နေရပါသည်။ သူ၏မျက်နှာပေါ်မှ တင်းမာ မှုများလည်း ပြေပျောက်ကုန်ပါသည်။ သောကအရိပ်အယောင်များ လည်း ကင်းစင်သွားပါသည်။ ခြောက်သွေ့သော ကန္တာရမြေပေါ်မှာ အေးမြသော လရောင်ပက်ဖျန်းလိုက်ဘိသကဲ့သို့ သူ့မျက်နှာပေါ်မှာ အပြုံးပန်းများ ယှက် သန်းလာပါသည်။

ကျွန်တော် သူ့ကို ဖတ်ပြလိုက်သည့် ကျွန်တော်ကိုယ်တိုင် ရေးသား ထားသော ခေါင်းကြီးများ ဤသို့တည်း။

“ပွာနိုသည် ငှက်လိမ္မာတစ်ကောင်ဖြစ်သည်၊ သို့သော် သူ့ကိုမွေး မြူရာတွင် အထူးယုယဖို့တော့ လိုအပ်သည်၊ ၎င်းကို အစောဆုံး ဇွန်လနှင့် နောက်အကျဆုံး စက်တင်ဘာလထဲတွင် တင်သွင်းခြင်းမပြုသင့်ပေ၊ ဆောင်း ရာသီတွင် ၎င်း၏ငှက်ငယ်လေးများ ပေါက်ဖွားစေရန်အတွက် နွေးထွေး သည့်နေရာမှာ ထားရမည်–

“ကောက်ပဲသီးနှံစိုက်ပျိုးရန်အတွက် မုတ်သုံအဝင်နောက်ကျသည် မှာ ထင်ရှားလှပေသည်၊ သို့ဖြစ်၍ လယ်သမားများအနေနှင့် ပြောင်းရိုး များကိုနုတ်သိမ်းပြီး ဩဂုတ်လအထိ စောင့်မနေဘဲ ဇူလိုင်လမှာပင် ဂျုံမုန့် များကို စိုက်ပျိုးသင့်ကြသည်–

“ဖရုံသီးနှင့်ပတ်သက်၍ ပြောရပေဦးမည်၊ ဤဘယ်ရီသီးကို နယူး အင်္ဂလန်ပြည်နယ် ကုန်းတွင်းပိုင်းနေ လူတို့က အထူးနှစ်သက်ကြပေသည်၊ ၎င်းတို့သည် သစ်သီးကိတ်ဖုတ်ရာတွင် ဂုစ်ဘယ်ရီထက် ဖရုံသီဘယ်ရီကို ပိုနှစ်သက်ကြပေသည်၊ ထို့နည်းတူ နွားစာကျွေးရန်အတွက် ရပ်စ်ဘယ်ရီ သီးထက်ပင် ပိုမိုအသုံးပြုကြသည်၊ လိမ္မော်နှယ်ဝင်ဖြစ်သော ဖရုံသီးသည် မြောက်ပိုင်းတွင် အမြောက်အမြား ပေါက်ရောက်သည်၊ ယခင်က အိမ်ဝိုင်း ရှေ့တွင် ချုံဘယ်ရီသီးပင်နှင့် အရိပ်ရအပင်အဖြစ် တွဲဖက်စိုက်ပျိုးခဲ့ကြသော် လည်း ယခုအခါ ဤသို့စိုက်ပျိုးခြင်း မပြုကြတော့ပေ။

“ယခုအချိန်မှာ ပူနွေးသောလရာသီ ရောက်တော့မည် ဖြစ်ပါ

mgyoe.com

mgyoe.com


သဖြင့်...”

စိတ်လှုပ်ရှားစွာ နားထောင်နေသော ပုဂ္ဂိုလ်ကြီးသည် ကျွန်တော့်ထံသို့ အပြေးအလွှားရောက်ရှိလာပြီး အားရပါးရ လက်ဆွဲနှုတ်ဆက်ပါတော့သည်။

“ဟုတ်ပြီ...ဟုတ်ပြီ၊ ဒီလိုမှပေါ့၊ ခုဆိုရင် ကျုပ်အတွက် အဆင်ပြေသွားပြီ၊ မောင်ရင်က ကျုပ်ဖတ်ခဲ့တဲ့အတိုင်း တစ်လုံးမလွဲ ဖတ်ပြလိုက်တာပဲ၊ ဒါပေမဲ့ ပိုထူးဆန်းတာက ကျုပ်က ဒီခေါင်းကြီးထဲပါတဲ့အကြောင်းအရာတွေ ပြောပြတော့ ကျုပ်မိတ်ဆွေတွေက ကျုပ်ကို အရူးတစ်ယောက်လို သဘောထားကြတယ်၊ ဒါနဲ့ ကျုပ်လည်း စိတ်ပေါက်ပေါက်နဲ့ အော်ပစ်လိုက်တာပေါ့၊ သောင်းတိုင်ကတောင် ကြားလောက်ရဲ့၊ သူတို့ထဲက တစ်ယောက်ကို ဒီစာကြောင်းတွေ အခေါက်ခေါက်အခါခါ ဖတ်ပြလိုက်တယ်၊ ဒါလည်း မယုံကြဘူး၊ ကျုပ်ကို ရူးသွားပြီလို့ ထင်ကြတယ်လေ၊ ဒါနဲ့ ကျုပ်လည်း စိတ်ပေါက်ပေါက်နဲ့ ကျုပ်အိမ်ကို မီးတင်ရှို့လိုက်တယ်လေ၊ ကျုပ်ကို မယုံကြည်တဲ့လူတွေ တော်တော်များများကို ကျိုးအောင်ပဲ့အောင် လုပ်ပစ်လိုက်တယ်၊ တစ်ယောက်တော့ သစ်ပင်ပေါ်မှာတင်ထားလိုက်တယ်၊ ကျုပ်ကြိုက်တဲ့အချိန်မှာ ပြန်ချပေးနိုင်ပါတယ်၊ နောက်တော့ ကျုပ်လည်း ကျုပ်ဖတ်ထားတာတွေ အမှန်ဖြစ်တယ်ဆိုတာ သေချာစေဖို့အတွက် ဂျာနယ်တိုက်ကိုလာဖို့ စိတ်ကူးရလိုက်တယ်၊ ခု မောင်ရင်ကိုယ်တိုင်ဖတ်ပြတာကို ကြားလိုက်ရတော့ ကျုပ်ဖတ်ခဲ့တာနဲ့ တစ်သဝေမတိမ်းပဲ၊ အဲဒီတော့ ကျုပ်ရူးတာမဟုတ်ဘူး သေချာသွားပြီ၊ ကဲ...ကဲ...သွားလိုက်ပါဦးမယ်၊ မောင့်ရင့်ကျေးဇူးကြောင့် ကျုပ်စိတ်ထဲမှာ လိပ်ခဲတည်းလည်းဖြစ်နေတာတွေ အများကြီးပေါ့သွားပါပြီ၊ ကဲ...ကဲ...သွားလိုက်ပါဦးမယ်”

ထိုပုဂ္ဂိုလ်ကြီးက သူ၏ စိတ်ပြေလည်ရာ ပြေလည်ကြောင်းအတွက် လူပေါင်းများစွာကို ကျိုးပဲ့အောင်လုပ်ပြီး အိမ်ကို မီးတင်ရှို့ခဲ့သည်ဆိုသည့် အချက်နှင့်ပတ်သက်ပြီး ကျွန်တော့်မှာ တအုံနွေးနွေးနှင့် ဘဝင်မကျ ဖြစ်ကျန်ခဲ့ရသည်။ ကျွန်တော့်အနေနှင့်လည်း သူတို့နှင့် အလွန်ဝေးကွာသည့် အရပ်မှာ ရှိနေသည့်အတွက် မည်သို့မျှ အကူအညီမပေးနိုင်။ သို့သော် ထိုအတွေးများကို ကြာကြာတွေးတောခွင့် မရလိုက်ပါပေ။ အဘယ်ကြောင့်

mgyoe.com

mgyoe.com
ဆိုသော် မူလအယ်ဒီတာကြီး ဝင်ရောက်လာသောကြောင့်ပင်။

အယ်ဒီတာကြီးကြည့်ရသည်မှာ အတော့်ကိုပင်ပန်းဟိုက်နွမ်း ခြေကုန်လက်ပန်းကျနေဟန်တူသည်။ အတော့်ကို စိတ်ဆင်းရဲနေဟန်လည်းရှိ၏။

သူသည် ဘိုးသောင်းကျန်းကြီးနှင့် လယ်သမားလူငယ်နှစ်ယောက်တို့ ဖန်တီးသွားခဲ့သော အပျက်အစီးများကိုကြည့်ရင်း အတော် စိတ်ပျက်လက်ပျက်နှင့် သံဝေဂစကားဆိုတော့သည်။

"အင်း...အတော့်ကို စိတ်ပျက်စရာကောင်းတဲ့အလုပ်ပဲ၊ တကယ့်ကို စိတ်ပျက်စရာပဲ၊ ကော်ပုလင်းတစ်လုံး၊ မှန်တံခါးခြောက်ချပ်၊ ထွေးခံ တစ်လုံး၊ ဖယောင်းတိုင်စင်နှစ်ခု ကျိုးတာကကျိုး၊ ကွဲတာကကွဲ၊ ဒါပေမဲ့ ဒါတွေက ဒါလောက်မဆိုးဘူး၊ အဆိုးဆုံးကတော့ ဂျာနယ်ရဲ့သိက္ခာပဲ၊ အဖတ်ဆယ်မရအောင်ကို ရေစုန်မျောပြီး ဂျာနယ်ရဲ့စောင်ရေကတော့ မကြုံစဖူးအောင်တက်နေတာပဲ၊ ကောင်းလို့ ဝယ်ဖတ်ကြတာမဟုတ်ဘူး၊ စိတ်ရူးပေါက်ပြီးရေးတဲ့ စာတွေကိုဖတ်ပြီး ဟားချင်လို့၊ ဒီလိုရူးတဲ့ ပေါတဲ့ကိစ္စမျိုးနဲ့တော့ တို့ဂျာနယ်မှာ နာမည်မတက်ချင်ပါဘူး၊ အပြင်ဘက်မှာလည်း လူတွေ ရုံးစုရုံးစုနဲ့ ဒီလောက်ပေါကြောင်ကြောင်နိုင်တဲ့ စာတွေရေးတဲ့သူ ဘယ်သူလဲဆိုတာ သိချင်လို့ လာချောင်းကြည့်နေကြတာ၊ သူတို့က မင်းရဲ့ အယ်ဒီတာ့အာဘော်တွေကို ဖတ်ပြီးလို့ဖြစ်မှာပေါ့။ ဂျာနယ်ရဲ့သိက္ခာကတော့ သွားပါပြီ–

"နှစ်ပြားမှတောင် မတန်တော့ဘူး၊ စိုက်ပျိုးရေးအကြောင်း နကန်းတစ်လုံးမှမသိဘဲနဲ့ စိုက်ပျိုးရေးဂျာနယ်ကို အယ်ဒီတာချုပ်လုပ်ဖို့ စိတ်ကူးရတာများ အံ့ဩပါရဲ့၊ ထွန်ရေးနဲ့ ထယ်ရေးတောင် ကောင်းကောင်းမသိတဲ့ မောင်ကများ နွားတွေ အရေခွံလဲတဲ့ရာသီအကြောင်း ပြောလားပြောရဲ့၊ ကမာကောင်တွေအကြောင်းပြောပြတဲ့ ဆောင်းပါးများ မပြုံးဘဲနဲ့ ဝါးလုံးကွဲအောင်ရယ်ဖို့ ကောင်းသေးရဲ့၊ ကမာကောင်တွေ လှုပ်လှုပ်ရှားရှား သွားသွားလာလာ မလုပ်အောင် ဂီတနဲ့ ဖမ်းစားထားရမတဲ့၊ လာလာချည်သေး၊ ကမာဆိုတာ နဂိုကတည်းက ဘယ်မှသွားတဲ့ကောင်တွေ မဟုတ်ဘူး၊ မင့်အမေ့လင့်ဂီတလည်း ဂရုစိုက်နေမှာမဟုတ်ဘူး၊ တော်ပါပြီဗျာ၊ နောက်တော့ ဘယ်လိုအားလပ်ရက်ခရီးမှ မထွက်ရဲတော့ပါဘူး၊ မှတ်လောက်သားလောက်
mgyoe.com

mgyoe.com


ဖြစ်သွားပါပြီ"

"ဟော့လူ တော်တော့်ဗျာ...မုန်လာဥသား၊ ခါဂျတ်ဥယောက်ဖ၊ အဲဒီ လောက်စုတ်ပဲ့တဲ့ ဝေဖန်ချက်မျိုး ဒီတစ်ခါ ပထမဆုံးကြားရတာပဲ၊ ဂျာနယ် တစ်စောင်ကို တည်းဖြတ်ဖို့အတွက် အရာရာကို သိနားလည်ထားရမယ် ဆိုတာ ဒီတစ်ခါ ကြားဖူးတာပဲ၊ ခင်ဗျားကရော ဘယ်လောက်များ နား လည်လို့လဲ၊ ခင်ဗျားဂျာနယ်ထဲက စာအုပ်ဝေဖန်ရေးကဏ္ဍမှာ ဘယ်သူတွေ ရေးနေတာလဲ၊ တစ်သက်နဲ့တစ်ကိုယ် စာတစ်အုပ်မှ မရေးဘူးတဲ့သူတွေက ဝေဖန်နေကြတာ၊ ရက်အင်ဒီးယန်း စစ်ဆင်ရေးအကြောင်း ဘယ်သူတွေ ရေးနေကြတာလဲ၊ စစ်ကြွေးကြော်သံ (War Shoip)နဲ့ အင်ဒီးယန်း (wig-wom) တောင် ခွဲခြားမသိတဲ့လူတွေ၊ ခင်ဗျားကရော စိုက်ပျိုးရေးဂျာနယ် ဘာလို့ ထုတ်ဝေနေရတာလဲ၊ ဟိုဟာလေးစမ်းလိုက်၊ ဒီဟာလေးစမ်းလိုက်၊ ကဗျာလိုင်းနဲ့စမ်းကြည့်တာ မအောင်မြင်တော့ အဝါရောင်ဝတ္ထုလိုင်း ပြောင်း၊ ပြီးတော့ ရှုတတ ပြဇာတ်လိုင်း၊ ဇာတ်သဘင်လိုင်းပြောင်းသွား ပြန်ရော၊ ဟော...နောက်ဆုံး ဘာမှ ဟန်မကျတော့လို့ စိုက်ပျိုးရေးလိုင်း ပြောင်းထုတ်၊ မသိတာကျလို့၊ ဂျာနယ်လုပ်ငန်းအကြောင်းတော့ လာ မပြောနဲ့ ကိုယ့်ဆရာ၊ ချေးခါးအူမမကျန် သိတယ်၊ ဂျာနယ်လစ်ဇင်ကို ထုံးလိုမွှေ ရေလိုနှောက် လာတဲ့ကောင်၊ ဒီမယ် ခင်ဗျားကို ကျုပ်တစ်ခု ပြောပြမယ်၊ နည်းနည်းသိလေ ဟောင်ဖွာ ဟောင်ဖွာလုပ်လေ၊ လစာများများတောင်းလေပဲ၊ ဟောဒီ အတ္တဆန်တဲ့ လောကကြီးထဲမှာ ဘယ်လို လုပ်စားရင် စီးပွား ဖြစ်တယ်ဆိုတာ ကျုပ်သိပြီးသား၊ ကျုပ်က နောက်ထပ် နှစ်ပတ်လောက် သာ ဆက်လုပ်ရရင် ခင်ဗျားဂျာနယ်ကို စောင်ရေ နှစ်သောင်းထိတက်သွားအောင် လုပ်ပြနိုင်တယ်၊ ခင်ဗျား စိုက်ပျိုးရေး ဂျာနယ်ဖတ် ပရိသတ်ထက် အဆင့်မြင့်တဲ့ စာဖတ် ပရိသတ်တွေကို ဖော်ထုတ်ပေးနိုင်တယ်၊ ခင်ဗျားသာ အဆင့်မရှိတဲ့လူ၊ ကျုပ်မဟုတ်ဘူးဗျသိလား၊ ကဲ...သွားလိုက်ပါဦးမယ်၊ တာ့တာ"

ဤသို့ဖြင့် ကျွန်တော်သည် ထိုအလုပ်မှ နုတ်ထွက်လာခဲ့တော့သည်။

*Mark Twain ရဲ့ How I Edited an Agricultural Paperကို ဆီလျော်သလို ဘာသာပြန်ထားပါတယ်။* ○

mgyoe.com

mgyoe.com

# ပဥ္စလက်

ကျွန်တော့်ဇနီးနဲ့ ကျွန်တော်တို့ စာကြည့်ဆောင်လေးထဲ ဝင်ခဲ့ကြတယ်။ မှိုနံ့တွေ၊ အောက်သိုးသိုးနံ့တွေ လှိုင်လို့ပေါ့။ အလင်းရောင်နဲ့မထိတွေ့ ရတာ နှစ်ပေါင်းရာနဲ့ချီပြီး ကြာနေပြီဖြစ်တဲ့ နံရံတွေပေါ်က မီးတိုင်တွေကို မီးထွန်းလိုက်တော့ မြေကြွက်တွေ၊ ကြွက်စုတ်တွေ ကုဋေကုဋာဟာ တရှန်းရှန်း တဝုန်းဝုန်းနဲ့ ပြေးလွှားကြတယ်။ ကျွန်တော်တို့ နောက်ကတံခါးကို အပိတ်လိုက်မှာ လေပြည်အေးတစ်သုတ် ဝှေ့လိုက်ပြီး အခန်းထောင့်မှာ စုပုံထားတဲ့ စာရွက်တို၊ စာရွက်စတွေ တဖျပ်ဖျပ်လှုပ်ရှားသွားတယ်။ အလင်းရောင်က အဲဒီစာရွက်ပေါ် ဖြာကျလာတယ်။ ရှေးဟောင်းပေစာ၊ ပုရပိုက်စာတွေနဲ့ မင်ရေးပန်းချီကားတွေ အတော်များများတွေ့လိုက်ရတယ်။ နံရံပေါ်မှာ ချိတ်ဆွဲထားတဲ့ ဘိုး၊ ဘေး၊ ဘီဘင်တို့ရဲ့ ပုံတူကားချပ်များဟာလည်း နှစ်ပရိစ္ဆေဒ ကြာပြီဖြစ်လို့ ဝါကျင့်ကျင့် စိမ်းဖန့်ဖန့်အရောင် သန်းနေကြတယ်။ ဘိုးဘေးတွေရဲ့ မျက်နှာတွေဟာ တင်းမာခက်ထန်နေကြတယ်။ "မင်းကိုတော့ ကြိမ်စာကျေးတော့မှဖြစ်မယ်လို့ ပြောနေကြသယောင်ယောင်"။

တစ်အိမ်လုံးလည်း ကျွန်တော်တို့နှစ်ယောက်ရဲ့ ခြေသံသာပဲ့တင်ထပ်နေတယ်။ ကျွန်တော့်ချောင်းဆိုးသံကို ပဲ့တင်ထပ်သံက စည်းဝါးလိုက်ပေးနေတယ်။ တစ်ချိန်က ကျွန်တော့် ဘိုး၊ ဘေးများရဲ့အသံကို တုံ့ပြန်ပေးခဲ့တဲ့ ပဲ့တင်သံပဲပေါ့။

လေကလည်း တဝီဝီနဲ့ တိုက်ခတ်နေတယ်။ လေတိုက်သံကလည်း

mgyoe.com

mgyoe.com


မီးလင်းဖိုဘေးမှာ တစ်စုံတစ်ယောက် ထိုင်ပြီး တအီအီနဲ့ ငိုနေတဲ့အသံမျိုး။ မိုးစက်မိုးပေါက်တွေကလည်း ခပ်မှိုင်းမှိုင်း မှုန်ဝါးဝါး ပြတင်းပေါက်မှန်တွေပေါ်ကို တဖြောင်းဖြောင်း ကျရောက်နေတယ်။ မျောက်မင်းအူသံကို ပတ်စာပိုးတီးလုံးလိုက်နေသလို။

"သြော်...ဘိုးဘေးတွေ၊ ဘိုးဘေးတွေ" ကျွန်တော်လည်း သက်ပြင်းတစ်ချက်ချရင်း ရေရွတ်လိုက်မိပါတယ်။ "အင်း...ငါသာ စာရေးဆရာတစ်ယောက်ဖြစ်ရင်တော့ ဒီရုပ်ပုံကားချပ်ကြီးတွေ ကြည့်ခံစားပြီး ဝတ္ထုရှည်ကြီးတစ်ပုဒ်တော့ ရေးမိမှာပဲ၊ ဘာပဲဖြစ်ဖြစ်လေ ဒီဘိုးဘေးတွေကလည်း တစ်ချိန်က တို့လိုနုပျိုခဲ့၊ ရွှင်လန်းတက်ကြွခဲ့မှာပဲ၊ သူတို့မှာလည်း စိတ်ကူးယဉ် အချစ်ဇာတ်လမ်းလေးတွေ ကိုယ်စီရှိခဲ့ကြမှာ မလွဲဘူး၊ ဟိုရုပ်ပုံထဲက ငါ့အဘေးကြီးပါလား၊ ပုံဆိုးပန်းဆိုးနဲ့ ဘီးလူးသဘက်ရုပ်ပေါက်နေပေမယ့် သူ့မှာလည်း သူ့ကိုယ်ပိုင် ရင်ခုန်စရာဇာတ်လမ်းလေးတွေ ရှိခဲ့မှာပဲ၊ ဟော... ဟိုအခန်းထောင့်မှာ ချိတ်ထားတဲ့ကြေးမုံကို တွေ့လား" ကျွန်တော်က ကျွန်တော့်ဇနီးသည်ကို မေးလိုက်တယ်။

ကျွန်တော့်အဘေးရဲ့ ပုံတူကားချပ်အနား အခန်းထောင့်မှာ ချိတ်ဆွဲထားတဲ့ ကြေးညိုရောင်တက်နေတဲ့ ကြေးဝါပေါင်ကွပ်ကြေးမုံကြီးကို လက်ညှိုးထိုးပြလိုက်တယ်။

"အဲဒီကြေးမုံကြီးမှာ ဂမ္ဘီရအစွမ်းတွေရှိတယ်၊ ဒီကြေးမုံကြီးဟာ ငါ့အဘေးကို ကောင်းကောင်းဒုက္ခပေးခဲ့တာပေါ့၊ ဒီကြေးမုံကြီးကို ငွေ ထောင်ပေါင်းများစွာပေးဝယ်ပြီး သေတဲ့အထိ သူနဲ့လုံးဝမခွဲတော့ဘူး၊ နေ့ရောညပါ ဒီကြေးမုံကြီးကို တကြည့်ထဲကြည့်နေတော့တာပဲ၊ စားလည်းကြည့်၊ သွားလည်းကြည့်၊ အိပ်ရာဝင်တာတောင်မှ ဒီကြေးမုံကြီးကို အိပ်ရာထဲယူသွားပြီးမှ အိပ်တယ်၊ သူသေရင် ဒီကြေးမုံကြီးပါ သူ့အခေါင်းထဲ ထည့်မြှုပ်ဖို့ သေခါနီးဆဲဆဲမှာ မှာသွားရှာသေးတယ်၊ အင်း...သူ့ဆန္ဒကလည်း ပြည့်မသွားရှာဘူး၊ ဒီကြေးမုံကြီးက သူ့အခေါင်းနဲ့ မဆံ့အောင် ကြီးလွန်းနေတာကိုး"

"စိတ်မှ ကောင်းသေးရဲ့လားရှင်"လို့ ကျွန်တော့်ဇနီးက မေးတယ်။

"အေး...ငါလည်း ဒီလိုပဲထင်တာပဲ၊ တခြားကြေးမုံတွေလည်း သူ့မှာရှိတာပဲ၊ ဘာလို့ ဒီကြေးမုံကြီးကိုမှ ဒီလောက် သဲသဲမဲမဲ စွဲလမ်းနေရသလဲ

mgyoe.com

mgyoe.com

မသိပါဘူး၊ ဒီထက်ကောင်းတဲ့ ကြေးမုံမရှိလို့လားဆိုတော့လည်း မဟုတ်ပြန်ဘူး၊ အဲဒီကြေးမုံကြီးမှာ ထူးခြားချက်တစ်ခု ရှိကိုရှိရမယ်၊ အရပ်စကားပြောကြတာကတော့ ဒီကြေးမုံကြီးထဲမှာ မကောင်းဆိုးရွားဝိညာဉ် ပူးကပ်နေပြီး ဒီဝိညာဉ်က ငါ့အဘေးကို ဖမ်းစားထားတာတဲ့၊ မဟုတ်တမ်းတရားလံကြုတ်ဇာတ်လမ်းတွေပါ၊ ဒါပေမဲ့ ဒီကြေးဝါပေါင်ကွပ် ကြေးမုံကြီးထဲမှာ တန်ခိုးသတ္တိတစ်ခု ရှိနေတာကတော့ အမှန်ပဲ"

ကျွန်တော်က ကြေးမုံပေါ်မှ ဖုန်များကိုသုတ်ပြီး ကိုယ့်ကိုယ်ကိုယ်ကြည့်ကာ ဟက်ဟက်ပက်ပက် ရယ်လိုက်မိတယ်၊ ကျွန်တော့်ရယ်သံက အိမ်ကြီးထဲမှာ ပဲ့တင်ထပ်သွားတယ်၊ တကယ်တော့ ကြေးမုံကြီးရဲ့ မျက်နှာပြင်က အညီမဟုတ်၊ အရှိုင်းအမို့တွေနဲ့၊ ဒီတော့ ကျွန်တော့်မျက်နှာက ဒီကြေးမုံကြီးထဲမှာ ပုံပျက်ပန်းပျက်ဖြစ်နေတယ်၊ ကျွန်တော့်နှာခေါင်းက ဘယ်ဘက်ပါးကိုကပ်ပြီး မေးစေ့က နှစ်ခြမ်းကွဲကာ တစ်ဖက်တစ်ခြမ်းစီ ရောက်နေတယ်။

"ငါ့အဘေးနယ်၊ ဒီကြေးမုံကြီးကိုမှ စွဲစွဲလမ်းလမ်း ဖြစ်ရလေတယ်၊ အံ့ရော...အံ့ရော"လို့ ကျွန်တော် ရေရွတ်လိုက်မိပါတယ်။

ကျွန်တော့်ဇနီးက ကြေးမုံကြီးဆီကို ကပျာကသီပြေးလာပြီး ကြေးမုံကြီးထဲကို ကြည့်လိုက်ပါတယ်။ အဲဒီနောက်မှာတော့ တစ်စုံတစ်ရာ အံ့ဖွယ်တစ်ခု ဖြစ်ပေါ်လာပါတော့တယ်။ သူ့မျက်နှာ ဖြူဖပ်ဖြူရော်ဖြစ်သွားပြီး တစ်ကိုယ်လုံး သိမ့်သိမ့်တုန်သွားကာ စူးစူးဝါးဝါး အော်ဟစ်လိုက်ပါ တယ်။ ဝါဆိုဖယောင်းတိုင်ကြီးလည်း သူ့လက်ထဲကလွတ်ကျပြီး ကြမ်း ပြင်ပေါ်မှာ လိမ့်သွားတယ်။ မီးလည်း ငြိမ်းသွားတယ်။ ကျွန်တော်တို့နှစ် ယောက်စလုံးကို အမှောင်ဖုံးသွားတော့တယ်။ ကြမ်းပြင်ပေါ်ကို လေးလံတဲ့ အရာတစ်ခု ဝုန်းခနဲ ပြိုလဲကျသွားသံကို ကြားလိုက်ရပါတယ်၊ အဲဒါက တော့ ကျွန်တော့်ဇနီးသည် သတိလစ်မေ့မြောပြီး ပုံလျက်သားလဲကျသွားခြင်းပါ။

လေကလည်း တဝီဝီနဲ့ ငိုညည်းနေဆဲ။ မြေကြွက်များကလည်း တရုန်းရုန်းနဲ့ ပြေးလွှားနေဆဲ။ အိမ်ကြွက်များကလည်း စာရွက်တွေပေါ်မှာ တရှုပ်ရှုပ်ပြေးလွှားနေဆဲ။ ပြတင်းပေါက်က တရုတ်ကပ်တစ်ချပ် ဝုန်းခနဲ ပြုတ်ပြီးကျလာတဲ့အချိန်မှာ ကြက်သီးမွေးညင်းတွေ တဖြန်းဖြန်း ထလာပါ

mgyoe.com

mgyoe.com


တော့တယ်။ လရောင်က မှန်ပြတင်းကနေ တိုးဝင်လာပါတယ်။

ကျွန်တော်လည်း ကျွန်တော့်ဇနီးသည်ကို ပွေ့ချီပြီး ဘိုးဘေးတို့ အိမ်အိုကြီးထဲက မ,ထုတ်လာခဲ့ပါတယ်။ နောက်တစ်နေ့ညနေအထိ သတိပြန်မလည်လာသေး။ သတိပြန်လည်လာတဲ့အခါမှာတော့...

"ကြေးမုံကြီး...ကြေးမုံကြီး၊ ကျွန်မကို ကြေးမုံကြီးပေးကြပါ၊ ဘယ်မှာလဲ ကြေးမုံကြီး"လို့ တဖွဖွတောင်းနေပါတော့တယ်။

တစ်ပတ်လုံးလုံးကြာအောင် ကျွန်တော့်ဇနီးသည်ဟာ စားလည်းမစား၊ သောက်လည်းမသောက်၊ အိပ်လည်းမအိပ်တော့ဘဲ ဒီကြေးမုံကြီးကိုသာ လူနာအမဲခြောက်တောင်းသလို တဖွဖွတောင်းနေပါတော့တယ်။ ငိုလိုက်၊ ရယ်လိုက်၊ ဆံပင်တွေ ဆောင့်ဆွဲလိုက်၊ အိပ်ရာပေါ်လှဲချလိုက်နဲ့ ဖြောင်းဆန်နေပါတော့တယ်။ ဒီဇွဲလမ်းစိတ်နဲ့ ကတိမ်းကပါးဖြစ်သွားနိုင်တယ်လို့ ဆရာဝန်က ပြောတဲ့အခါမှာတော့ ကျွန်တော်ဟာ ကြောက်စိတ်ကို အနိုင်နိုင်ချုပ်တည်းပြီး မြေတိုက်ခန်းကိုဆင်းကာ ကျွန်တော့်အဘွားရဲ့ ကြေးမုံကြီးကို ယူပေးလိုက်ရပါတော့တယ်။ ကြေးမုံကြီးကိုလည်းရရော ကျွန်တော့်ဇနီးသည်ဟာ အားရဝမ်းသာ ရယ်လိုက်ပြီး ပွေ့လိုက်ဖက်လိုက် နမ်းရှုံ့လိုက်နဲ့ ဒီကြေးမုံကြီးကကို မျက်စိမခွာတော့ပါ။

ဆယ်နှစ်တာလည်း ကုန်လွန်ခဲ့ပါပြီ။ ဒါပေမဲ့လည်း ကျွန်တော့်ဇနီးသည်ကတော့ ဒီကြေးမုံကြီးကို တကြည့်ထဲ ကြည့်နေဆဲ။ တစ်ဆံခြည် တစ်ဗိဇနာတောင်မှ မခွာနိုင်။

"ဒါ တကယ့်ကို ခင့်ပုံပဲလားဟင်" အပျိုဖြန်းလေးသဖွယ် မျက်နှာမှာ ရှက်သွေးဖြန်းရင်း ကျွန်တော့်ဇနီးသည်ဟာ ဝမ်းသာမှုအပြည့် ပီတိအဟုန်နဲ့ ပြောမကုန်ဆိုမခန်းတဲ့ စကားများကတော့—

"ဟုတ်တယ်၊ ဒါ ခင့်ပုံအစစ်၊ ဟောဒီကြေးမုံကြီးကလွဲပြီး ဘယ်သူမှ အမှန်တရားမပြောကြဘူး၊ လိမ်နေကြတာချည်းပဲ၊ လူတွေကလည်း ညာတာပဲ၊ ငါ့ယောကျ်ားကလည်း ညာတာပဲ၊ ငါ့ကိုယ်ငါ ဘယ်လိုရုပ်ရည်မျိုးရှိတယ်ဆိုတာ စောစောကများ သိခဲ့ရင်တော့လေ ဒင်းလိုလူမျိုးကို လက်ထပ်ဖို့နေနေသာသာ ယောင်လို့တောင် စိတ်ကူးမိမှာမဟုတ်ပါဘူး၊ ဒင်းက ငါလိုမိန်းမမျိုးနဲ့ မထိုက်တန်ဘူး၊ ချောပေ့လှပေ့ဆိုတဲ့ ယောကျ်ားသားတွေ

mgyoe.com